**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသောပန်းနံ့သာတို့ထက် သီလတည်းဟူသောအနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။ ဓမ္မပဒ

# မြဝတီ နေ့စဉ်

သတင်းထူး၊ သတင်းဦး နေ့စဉ်ဖြန့်ချိ မြဝတီ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၅၉)

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်
၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၂၄ ရက်၊ ဗုဒ္ဓဟူးနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်၏ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ အလုပ်သဘောခရီးသွားရောက်မည်

နေပြည်တော် စက်တင်ဘာ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်၏ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့တွင် ကျင်းပပြုလုပ်မည့် ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ်-၂၀၂၅(World Atomic Week Forum-2025)သို့တက်ရောက်ရန်အတွက် မကြာမီရက်ပိုင်းအတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ အလုပ်သဘောခရီးသွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ်-၂၀၂၅(World Atomic Week Forum-2025)သို့တက်ရောက်ခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင်အပါအဝင် ရုရှားနိုင်ငံမှတာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေး၊ လုံခြုံရေးဆိုင်ရာများနှင့် ကဏ္ဍပေါင်းစုံတွင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ ပိုမိုတိုးတက်ခိုင်မာအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# မဲဇလီရေလှောင်ဆည်မှ ဆည်ရေများကို စိုက်ပျိုးရေနှင့် သီးနှံအောင်ရေ အလုံအလောက်ရရှိစေရန် ရေလှည့်စနစ်ဖြင့် ဖြန့်ဝေပေးလျက်ရှိ

ပွင့်ဖြူ စက်တင်ဘာ ၂၃

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်းစားရေရိက္ခာဖူလုံစေရန်နှင့် တောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန် စိုက်ပျိုးထားသော မိုးစပါးအပါအဝင် တခြားမိုးသီးနှံစိုက်ခင်းများ စိုက်ပျိုးရေနှင့် သီးနှံအောင်ရေအလုံအလောက်ရရှိစေရေး မဲဇလီရေလှောင်ဆည်မှ ဆည်ရေများကို တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီးတို့မှတစ်ဆင့် စာမျက်နှာ ၃ ကော်လံ ၄ ●




**ဆောင်းပါး**

တိုးတက်အောင်မြင်တနင်္သာရီခရီးစဉ် စာ - ၁၁ သို့

ခြေဖြင့်လှေလှော် ရေမှာပျော် ကမ္ဘာကျော်ကြား တို့အင်းသား စာ - ၂၅ သို့


## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် သတင်းထုတ်ပြန်ချက်

စာ - ၃ သို့



## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၂၄ ရက်)

# လူအချင်းချင်းလှည့်ပတ်ခြင်းကင်းရှင်းရေး

လူသားအချင်းချင်းပြောဆိုဆက်ဆံရာတွင် ကိုယ်ချင်းစာစိတ်ဖြင့်ပြုမူဆောင်ရွက်ခြင်းမှာ မိမိ၊ သူတစ်ပါးနှစ်ဦးစလုံးကောင်းကျိုးကိုဖြစ်ထွန်းစေမည်ဖြစ်သည်။ မိမိအကျိုးရှိပြီး သူတစ်ပါးအခက်အခဲကြုံတွေ့အောင်လိမ်လည်လှည့်ဖြားပြောဆိုလုပ်ဆောင်ခြင်းသည် ကိုယ်ချင်းစာနာစိတ်ကင်းမဲ့သောလုပ်ရပ်ဖြစ်သည်။ လိမ်လည်လှည့်ဖြားခံရသူသည် မိမိသာဖြစ်ခဲ့လျှင်ဆိုသောကိုယ်ချင်းစာစိတ်ဖြင့် ရှောင်ကြဉ်သင့်ကြသော်လည်း လူအချင်းချင်းလိမ်လည်လှည့်ဖြားခြင်းတို့ရှိနေသေးသည်။ ဤသည်မှာ မြန်မာနိုင်ငံတစ်ခုတည်းတွင်သာဖြစ်နေသည့်ကိစ္စရပ်မဟုတ်ဘဲ ကမ္ဘာ့နိုင်ငံအများအပြားတွင်လည်းဖြစ်ပေါ်နေခြင်းဖြစ်သည်။

အွန်လိုင်းမှလိမ်လည်လှည့်ဖြားကာ ငွေကြေးလိမ်လည်တောင်းယူခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းကောင်းများရရှိမည်ဟုမက်လုံးပေးကာ ကိုယ်ကျိုးစီးပွားရှာနေခြင်းများရှိနေသည်။ ကမ္ဘာ့တစ်ဝန်းဖြစ်ပွားလျက်ရှိသော အဆိုပါပြဿနာများနှင့်စပ်လျဉ်းပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနောက်ကျသည့်နိုင်ငံများတွင် လူကုန်ကူးမှုပိုမိုဖြစ်ပွားသည်ဟုလည်းကောင်း၊ ဆင်းရဲနွမ်းပါး၍ပညာရည်နိမ့်ပါးသူများအား လူကုန်ကူးမှုကိုခံကြရသည်ဟုလည်းကောင်း ယေဘုယျအားဖြင့်ရှုမြင်ကြသည်။ သို့ရာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး ချမ်းသာသည့်နိုင်ငံများသည်လည်း အွန်လိုင်းလိမ်လည်မှု၊ လူကုန်ကူးမှုပြဿနာနှင့်မကင်းသည့်အပြင် အဆိုပါလိမ်လည်ခံရသူများတွင် ပညာတတ်များလည်းပါဝင်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် အွန်လိုင်းလိမ်လည်မှုများနှင့်ဆက်နွှယ်သော လူကုန်ကူးမှုတိုက်ဖျက်ရေးကိုစီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါစီမံချက်ကို လူကုန်ကူးမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီရေးဆွဲခဲ့ပြီး ၂၀၂၅ ခုနှစ် ဧပြီလ ၁ ရက်မှစ၍ Pilot Project အနေဖြင့်စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ပြစ်မှုကျူးလွန်သူများသည် တိုးတက်လာသောနည်းပညာများကိုအခြေခံကာ စနစ်တကျဂိုဏ်းဖွဲ့ပြီး လမ်းကြောင်းပုံစံသစ်များဖြင့် ပြောင်းလဲကျူးလွန်လာသည့်အတွက် ထိရောက်စွာတားဆီးထိန်းချုပ်ခြင်း၊ ကြိုတင်ကာကွယ်နိုင်မည့် နည်းလမ်းများဖော်ထုတ်ခြင်းနှင့်ကျူးလွန်သူများကို ပြင်းထန်ထိရောက်သည့် အပြစ်ပေးအရေးယူမှုများပြုခြင်းတို့ကိုကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

လက်ရှိအွန်လိုင်းလောင်းကစားမှုနှင့်ငွေကြေးလိမ်လည်မှုတို့ပြုလုပ်ကြသော Online Scam လုပ်ငန်းများသည် လူသစ်စုဆောင်းရာတွင် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သောကုမ္ပဏီများအဖြစ်အွန်လိုင်းမှတစ်ဆင့်လစာအမြောက်အမြားရရှိမည့်အသွင်ဖြင့် မက်လုံးပေးစည်းရုံးခေါ်ဆောင်လာခဲ့ကြသည်။ နိုင်ငံအများအပြားမှ အိုင်တီနည်းပညာကျွမ်းကျင်သူများအပါအဝင် ပညာတတ်အများအပြားတို့စုဆောင်းခံခဲ့ကြရပြီး အွန်လိုင်းမှတစ်ဆင့်မက်လုံးပေးလိမ်လည်မှုများအပေါ် ယုံကြည်မှုလွန်ကဲခြင်းကြောင့် လူကုန်ကူးမှုကျူးလွန်ခြင်းခံနေကြရသည်။ လူအချင်းချင်းလှည့်ပတ်နေခြင်းများသည် ခေတ်စနစ်အလိုက်အခြေအနေများနှင့်နည်းပညာတိုးတက်ဖွံ့ဖြိုးမှုတို့အပေါ်လိုက်ပါပြီး ပုံစံပြောင်းလဲနေသည်ကိုဂရုပြုကြရမည်ဖြစ်သည်။ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်မှ စက်တင်ဘာလ ၁၈ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားစုစုပေါင်း ၉၄၀၄ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးပြီး ကျန်ရှိသည့် ၉၉ ဦးကို ဆက်လက်လွှဲပြောင်းပေးမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင်ကျူးလွန်လေ့ရှိသည့် အွန်လိုင်းလိမ်လည်မှုပုံစံကိုးမျိုးတွေ့ရှိရပြီး အဓိကအားဖြင့် ငွေကြေးဆိုင်ရာနှင့်တိုက်ရိုက်ပတ်သက်နေပြီး ပစ်မှတ်များမှာ ငွေကြေးချမ်းသာကြွယ်ဝသောနိုင်ငံများအား အဓိကဦးတည်နေသည်ကို တွေ့ရှိရသည်။ မြန်မာနိုင်ငံအတွင်းကပြည်သူအချို့သည်လည်း လိမ်လည်မှု၏သားကောင်ဖြစ်နေကြပြီး အဆိုပါအွန်လိုင်းလိမ်လည်မှုလုပ်ငန်းများထဲတွင် အတင်းအကျပ်ဖိအားပေးစေခိုင်းခံနေရသည့် ဒုက္ခသည်များလည်းပါဝင်နေသည်။

မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်မှစ၍ လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်ဆောင်ရွက်လျက်ရှိပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ဥပဒေပုဒ်မ ၃၅၈ တွင် “နိုင်ငံတော်သည်ကျေးကျွန်ပြုမှုနှင့်လူကုန်ကူးမှုများကို တားမြစ်သည်” ဟု အတိအလင်းပြဋ္ဌာန်းထားရှိသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၀၄ ခုနှစ် မတ်လ ၃၀ ရက်တွင် နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့မှုခင်းဆိုင်ရာကုလသမဂ္ဂကွန်ဗင်းရှင်းနှင့်ယင်း၏နောက်ဆက်တွဲစာချုပ်များတွင်အဖွဲ့ဝင်အဖြစ်ဝင်ရောက်ခဲ့သည်။ ထို့ပြင် အိမ်နီးချင်းတရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် နှစ်နိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာနားလည်မှုစာချွန်လွှာများရေးထိုး၍လည်းကောင်း၊ အမျိုးသမီးနှင့်ကလေးများကိုအထူးပြုသော လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာအာဆီယံကွန်ဗင်းရှင်း၊ မဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ၏ လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးစီမံကိန်း၊ ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ကဏ္ဍစုံနည်းပညာနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၊ လူကုန်ကူးမှုနှင့်လူမှောင်ခိုကူးမှုတိုက်ဖျက်ရေးဆိုင်ရာဘာလီလုပ်ငန်းစဉ်နှင့် လန်ချန်း-မဲခေါင် တရားဥပဒေစိုးမိုးရေးနှင့်လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဗဟိုဌာနတို့တွင်ပူးပေါင်းပါဝင်၍လည်းကောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးကိစ္စရပ်များတွင် တက်ကြွစွာကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်မှုများကြောင့်လည်း အွန်လိုင်းလိမ်လည်မှုများ၊ လောင်းကစားမှုများ၊ လူကုန်ကူးမှုကျူးလွန်သူများကိုဖမ်းဆီးရမိမှုများပြားလျက်ရှိသည်။ အဆိုပါလုပ်ရပ်များမှာ လူအချင်းချင်းလှည့်စားခြင်းနှင့် ခေါင်းပုံဖြတ်ခြင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အဆိုပါလုပ်ရပ်များအဆုံးသတ်နိုင်ရေးအတွက် ပြည်သူလူထု၏သတင်းပေးကူညီမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ပြစ်မှုကျူးလွန်သူများအား ရှာဖွေဖော်ထုတ်ကာ ထိရောက်သောပြစ်ဒဏ်များပေးခြင်းဖြင့် လူအချင်းချင်းလှည့်ပတ်ခြင်းကင်းရှင်းအောင် ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

**ရွေးကောက်ပွဲကျင်းပရန်**

**၉၅**

**ရက်**

**သာ လိုတော့သည်။**

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅)ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင်ပါဝင်သည့် မြို့နယ် ၁၀၂ မြို့နယ်အား သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ရွေးကောက်ပွဲများကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၅၆ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၉ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၅၆ နယ်စာရင်းတို့ကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၁၀၃/၂၀၂၅) ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၂၉၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်တို့တွင် ရွေးကောက်ပွဲများကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်သည်။

## ကျောင်းအခြေပြု ဆုံဆို့မေးခိုင်ရောဂါကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးထိုးနှံပေး

ပဲခူး စက်တင်ဘာ ၂၃

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သီရိပညာခန်းမ၌ ၂၀၂၅-၂၀၂၆ပညာသင်နှစ် ကျောင်းအခြေပြု ဆုံဆို့မေးခိုင်ကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းကို စက်တင်ဘာလ ၂၂ ရက်တွင် ဆောင်ရွက်သည်။

ထိုသို့ကာကွယ်ဆေးထိုးနှံပေးခြင်းကို ပဲခူးမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒေသန္တရကျန်းမာရေးဌာနမှ ကျန်းမာရေးဆရာမ ဒေါ်လှသက်ထား၊ ဒေါ်ယဉ်မျိုးစုနှင့်ကျန်းမာရေးဝန်ထမ်းများက သွေးပေါင်ချိန်တိုင်းတာခြင်း၊ စာရင်းရေးသွင်းခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကိုဆောင်ရွက်ပြီး အသက်ငါးနှစ်ပြည့်ပြီး ခုနစ်နှစ်မကျော်သော KG ကျောင်းသား၊ ကျောင်းသူ ၁၄၇ ဦးအား ဆုံဆို့မေးခိုင်ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် အသက်ကိုးနှစ်ပြည့်ပြီး ၁၀ နှစ်မကျော်သော ကျောင်းသူ ၉၈ ဦးတို့အား သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံပေးကာ ကျန်ရှိသောကျောင်းများကိုလည်း ထိုးနှံပေးလျက်ရှိကြောင်းသိရသည်။

**အောင်ဖြူလင်း၊ (၄၁၀)**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၄-၉-၂၀၂၅(ဗုဒ္ဓဟူးနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၉:၀၀ | Market News | |
| ၂။ | ၁၁:၅၀ | နွယ်မြက်သစ်ပင်ဆေးဖက်ဝင် | |
| ၃။ | ၁၃:၀၀ | ပြည်သူ့ကြားက ပြည်သူ့စကား | |
| ၄။ | ၁၄:၅၀ | ဖတ်သမျှ မှတ်သမျှ | |
| ၅။ | ၁၅:၃၅ | Happy Zone | |
| ၆။ | ၂၁:၄၀ | ချောက်ချောက်ချားချားဖြစ်ရပ်များ | |

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် သတင်းထုတ်ပြန်ချက်

နေပြည်တော် စက်တင်ဘာ ၂၃

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီအသီးသီးနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်းကို ၈-၉-၂၀၂၅ ရက်နေ့မှ ၂၂-၉-၂၀၂၅ ရက်နေ့အထိ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲအသီးသီးတွင် အမည်စာရင်းတင်သွင်းခဲ့ကြရာ နိုင်ငံရေးပါတီ ၅၇ ပါတီနှင့်တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းအပါအဝင် ဝင်ရောက်ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်း စုစုပေါင်း ၄၉၆၃ ဦး အမည်စာရင်းတင်သွင်းခဲ့ကြသည်။

ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့် နိုင်ငံရေးပါတီ ၆ ပါတီ၊ တိုင်းဒေသကြီး/ ပြည်နယ် တစ်ခုအတွင်း စည်းရုံးမည့် နိုင်ငံရေးပါတီ ၅၁ ပါတီနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ပါတီ | ပြည်သူ့လွှတ်တော် | အမျိုးသားလွှတ်တော် | တိုင်း/ပြည်နယ် လွှတ်တော် | | စုစုပေါင်း |
|---|---|---|---|---|---|---|
| | | | | တိုင်း/ပြည်နယ် လွှတ်တော် | တိုင်းရင်းသား လူမျိုး | |
| ၁ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၆၅ | ၁၅၆ | ၅၆၉ | ၂၈ | ၁၀၁၈ |
| ၂ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၈၂ | ၁၁၁ | ၃၈၇ | ၁၄ | ၆၉၄ |
| ၃ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၉၃ | ၁၄၅ | ၃၂၀ | ၁၄ | ၆၇၂ |
| ၄ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၂၅ | ၅၅ | ၂၄၃ | ၅ | ၄၂၈ |
| ၅ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) | ၁၅၉ | ၇၆ | ၃၄၁ | ၈ | ၅၈၄ |
| ၆ | ပြည်သူ့ပါတီ | ၁၅၂ | ၇၃ | ၂၇၈ | ၉ | ၅၁၂ |
| ၇ | တိုင်းဒေသကြီး/ပြည်နယ်တစ်ခုအတွင်းစည်းရုံးမည့် နိုင်ငံရေးပါတီ ၅၁ ပါတီ | ၂၀၃ | ၂၁၃ | ၅၂၅ | ၁၉ | ၉၆၀ |
| ၈ | တစ်သီးပုဂ္ဂလ | ၅၁ | ၃ | ၃၃ | ၈ | ၉၅ |
| | **စုစုပေါင်း** | **၁၃၃၀** | **၈၃၂** | **၂၆၉၆** | **၁၀၅** | **၄၉၆၃** |

အဆိုပါကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းမှုများကို ၂၃-၉-၂၀၂၅ ရက်နေ့မှ ၄-၁၀-၂၀၂၅ ရက်နေ့အထိ ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခဲ့ကြသည့် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲအသီးသီး၌ စိစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

● **ရှေ့ဖုံးမှအဆက်**

ရေလက်တံမြောင်းများကို ရေလှည့်စနစ်ဖြင့် စနစ်တကျဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ မိုးသီးနှံစိုက်ခင်းများ စိုက်ပျိုးရေနှင့် သီးနှံအောင်ရေအလုံအလောက်ရရှိစေရေးအတွက် ရေလှည့်စနစ်ဖြင့် ဖြန့်ဝေပေးရာတွင် မင်းဘူး၊ ပွင့်ဖြူနှင့် စလင်းမြို့နယ်တို့သို့ ရေပေးဝေမှုပိုမိုထိရောက်စေရန် မဲဇလီရေလှောင်ဆည်မှ ဆည်ရေများကို မြောက်မုန်းမြောင်းမကြီး (သာဂရ) အောက်ပိုင်း ဆည်ရေသောက်ဧရိယာအတွင်းရှိ သီးနှံစိုက်ခင်းများကို ရေလှည့်လေးရက်၊ မြောက်မုန်းမြောင်းမကြီး (သာဂရ) အထက်ပိုင်း ဆည်ရေသောက်ဧရိယာအတွင်းရှိ သီးနှံစိုက်ခင်းများကို ရေလှည့်သုံးရက်ဖြင့် ဖြန့်ဝေပေးလျက်ရှိပြီး တောင်မုန်းမြောင်းမကြီး ဆည်ရေသောက်ဧရိယာအတွင်းရှိသီးနှံစိုက်ခင်းများကို ရေပေးဝေမှုတွင် လက်တံမြောင်း (၂၄၊၁၃၊၁၄၊၁၅) တွင် ရေလှည့်ငါးရက်၊ လက်တံမြောင်း (၇၊၈) တွင် ရေလှည့်သုံးရက်၊ လက်တံမြောင်း (၄-က နှင့် ၉၊၁၁) တွင် ရေလှည့်သုံးရက်၊ လက်တံမြောင်း (၆) တွင် ရေလှည့်သုံးရက်ဖြင့် စိုက်ပျိုးရေနှင့် သီးနှံအောင်ရေများ အပြည့်အဝရရှိအောင် စနစ်တကျဖြန့်ဝေပေးလျက်ရှိသည်။

ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် မဲဇလီရေလှောင်ဆည်မှ ဆည်ရေများကို ဒေသခံတောင်သူများ တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးလုပ်ငန်းများ အဆင်ပြေစွာ လုပ်ကိုင်နိုင်ရေးအတွက် စနစ်တကျစီမံခန့်ခွဲပြီး ဖြန့်ဝေပေးလျက်ရှိကာ တောင်သူများ ဆည်ရေရယူ၍ သီးနှံများစိုက်ပျိုးရာတွင် ရေလေလွင့်ဆုံးရှုံးမှုမရှိစေရေး ဆည်ရေကို လိုအပ်သောအချိန်၊ လိုအပ်သောနေရာ၌ စနစ်တကျရယူသုံးစွဲနိုင်စေရန် လယ်ကြားမြောင်းများတူးဖော်ခြင်း၊ ကျေးရွာအလိုက် ရေအသုံးချသူများအဖွဲ့များဖွဲ့စည်းပြီး ပူးပေါင်းဆောင်ရွက်ခြင်း၊ ရေပေးမြောင်းများ ရေစီးရေလာကောင်းမွန်ရေး ပေါင်းမြက်များနှင့် ဒိုက်များ ဆယ်ယူရှင်းလင်းခြင်း၊ ရေမြောင်းများ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ဒေသခံတောင်သူများအား ဆည်ရေလေလွင့်ဆုံးရှုံးမှု မဖြစ်စေရေး အသိပညာပေးခြင်းများ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီအတွက် ဇွန်လ ၂၀ ရက်မှစ၍ ဆည်ရေဖြန့်ဝေပေးခဲ့ကြောင်း၊ ထိုသို့ဖြန့်ဝေရာတွင် မိုးသီးနှံစိုက်ပျိုးတောင်သူများ စိုက်ပျိုးရေနှင့် သီးနှံအောင်ရေ အလုံအလောက်ရရှိစေရန် ရေလှည့်စနစ်ကျင့်သုံးပြီး စနစ်တကျဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄°C | / | ၃၂°C |
| ရန်ကုန် | ၂၄°C | / | ၂၈°C |
| မန္တလေး | ၂၅°C | / | ၃၅°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄-၉-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၉၅ | ၃၀၀၅ | ၂၉၇၅ | ၂၉၃၀ | ၃၀၁၅ | ၃၀၃၀ | ၃၀၄၅ | ၂၉၆၅ | ၄၅၀၅ | ၃၂၆၀ | ၂၉၈၀ | ၂၉၈၅ | ၃၀၅၅ | ၃၀၂၀ | ၃၀၄၀ | ၃၂၉၅ |
| 95 Ron | ၂၉၇၀ | ၃၀၈၅ | ၃၀၅၀ | ၂၉၈၅ | ၃၀၉၀ | ၃၁၀၅ | ၃၁၂၀ | ၃၀၄၀ | ၄၅၆၀ | ၃၃၃၅ | ၃၀၆၀ | ၃၀၆၀ | ၃၁၃၀ | ၃၀၉၅ | ၃၁၁၅ | ၃၃၇၅ |
| HSD (500 ppm) | ၂၅၇၅ | ၂၆၉၀ | ၂၆၅၅ | ၂၅၉၀ | ၂၆၉၅ | ၂၇၁၀ | ၂၇၃၀ | ၂၆၄၅ | - | ၂၈၄၀ | ၂၆၆၅ | ၂၆၆၅ | ၂၇၃၅ | ၂၇၀၀ | ၂၇၂၀ | ၂၈၈၀ |
| HSD (50 ppm) | ၃၁၇၀ | ၃၂၈၅ | ၃၂၅၀ | ၃၁၈၅ | ၃၂၉၀ | ၃၃၀၅ | ၃၃၂၅ | ၃၂၄၅ | ၄၈၃၀ | ၃၅၃၅ | ၃၂၆၀ | ၃၂၆၀ | ၃၃၃၀ | ၃၂၉၅ | ၃၃၂၀ | ၃၅၇၅ |
| HSD (10 ppm) | ၃၁၇၀ | ၃၂၈၅ | ၃၂၅၀ | ၃၁၈၅ | ၃၂၉၀ | ၃၃၀၅ | ၃၃၂၅ | ၃၂၄၅ | - | ၃၅၃၅ | ၃၂၆၀ | ၃၂၆၀ | ၃၃၃၀ | ၃၂၉၅ | ၃၃၂၀ | ၃၅၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၂၇ | ၂၈၁၅ |
| 95 Ron | ၂၈၀၁ | ၂၈၉၁ |
| HSD (500 ppm) | ၂၄၁၉ | ၂၄၉၇ |
| HSD (50 ppm) | ၂၉၉၇ | ၃၀၈၇ |
| HSD (10 ppm) | ၂၉၉၇ | ၃၀၈၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

> "ပါလီမန်သည် စကားပြောအကောင်းဆုံးသောသူများ စုဝေးရာဌာနတစ်ခု ဖြစ်သင့်သကဲ့သို့ သတင်းစာတိုက်များသည်လည်း အကောင်းဆုံးသောစာရေးသမားများ စုဝေးရာသောဌာန ဖြစ်သင့်သည်ဟု ကျွန်ုပ်ယူဆသည်။ ဤစကားသည် အနည်းငယ်လွန်သည်ဟု ဆိုကြလျှင်လည်း ယုတ်စွအဆုံးအားဖြင့် နေ့စဉ်နှင့်အမျှ ပေါ်ထွက်လျက်ရှိသော စာပေများအနက်တွင် သတင်းစာခေါင်းကြီးများသည် ပြဿနာတစ်ခုနှင့်ပတ်သက်၍ ထင်မြင်ချက်ပေးရာတွင် နိုင်နိုင်နင်းနင်းရေးတတ်ဖို့ လိုအပ်ပေသည် . . ."

ယမန်နေ့မှအဆက်

နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကုန်သွယ်ရေး စသည်ဖြင့် ဆိုင်ရာဆိုင်ရာ ခေါင်းကြီးများကို ဆိုင်ရာဆိုင်ရာပါရဂူများက ရေးကြရသည်ဆို၏။ ကျွန်ုပ်တို့ မြန်မာပြည်၌မူ ခေါင်းကြီးရေးသမားတစ်ယောက်တည်းက ပေါ်ပင်အကြောင်းအရာဟူသမျှကို အလျဉ်းသင့်သလို တစ်လှည့်စီရေးရသည့်အပြင် ကောက်ကာငင်ကာလှန်၍ ရှာနိုင်မည့် စာအုပ်များကလည်း နည်းပါးလေရကား ခေါင်းကြီးရေးသမားတစ်ယောက်အဖို့ရာ၌ ဗဟုသုတရှာမှီးဖို့ မည်မျှလိုအပ်သည်ကို အထူးပြောဖွယ်ရာမလိုပေ။ မြန်မာရုပ်သေးစင်၌ ဝန်ရုပ်၊ မင်းသားရုပ်၊ ပုဏ္ဏားရုပ် စသည်ဖြင့် တစ်လှည့်စီ ကိုင်တွယ်ရသူသည် ဝန်လို၊ မင်းသားကြီးလို၊ ပုဏ္ဏားလိုပြောတတ်အောင် လေ့ကျင့်ထားသကဲ့သို့ ခေါင်းကြီးရေးသမားသည်လည်း နိုင်ငံရေး၊ ပညာရေး၊ စီးပွားရေး စသည်တို့ကို အထိုက်အလျောက်ခေါက်မိအောင် လေ့လာထားဖို့ လိုအပ်ပေသည်။ သို့မဟုတ်ခဲ့လျှင် ပြဿနာတစ်ခုတွင် လေးနက်သောထင်မြင်ချက်မျိုး မပေးနိုင်ဘဲ 'အရှုးချေးပန်း' စာမျိုးသာ ရေးတတ်ပေလိမ့်မည်။

ပါလီမန်သည် စကားပြောအကောင်းဆုံးသောသူများ စုဝေးရာဌာနတစ်ခု ဖြစ်သင့်သကဲ့သို့ သတင်းစာတိုက်များသည်လည်း အကောင်းဆုံးသော စာရေးသမားများ စုဝေးရာသောဌာန ဖြစ်သင့်သည်ဟု ကျွန်ုပ်ယူဆသည်။ ဤစကားသည် အနည်းငယ်လွန်သည်ဟု ဆိုကြလျှင်လည်း ယုတ်စွအဆုံးအားဖြင့် နေ့စဉ်နှင့်အမျှ ပေါ်ထွက်လျက်ရှိသော စာပေများအနက်တွင် သတင်းစာခေါင်းကြီးများသည် ပြဿနာတစ်ခုနှင့်ပတ်သက်၍ ထင်မြင်ချက်ပေးရာတွင် နိုင်နိုင်နင်းနင်း ရေးတတ်ဖို့ လိုအပ်ပေသည်။ ခေါင်းကြီးတစ်ပုဒ်သည် ဘုရားဟောကျမ်းတစ်စောင်ကဲ့သို့ သစ္စာတရားတွေချည်း စုဝေးရာဌာန မဖြစ်နိုင်သော်လည်း အထက်ဖော်ပြပါ အရည်အချင်းမျှလောက်ကိုမူ 'သူ့ဆန်ကိုစားသော' ခေါင်းကြီးရေးသမားတိုင်း မဖြစ်ဖြစ်အောင် ကြိုးစားထိုက်သည်ဟု ကျွန်ုပ်ဆိုချင်သည်။ မြန်မာပြည်၌ မြန်မာများရေးသားထုတ်ဝေသည့် မြန်မာသတင်းစာခေါင်းကြီးများသည် မြန်မာများရေးသည့် အင်္ဂလိပ်သတင်းစာခေါင်းကြီးပိုင်းများထက် (ပျမ်းမျှခြင်းအားဖြင့်) အရေးအသားများစွာ ညံ့ဖျင်းခြင်းအကြောင်းကို ကျွန်ုပ်ရေးခဲ့ဖူးလေပြီ။

**ဘက်မလိုက်ခြင်း**

မည်သည့်တိုင်းပြည်၌ဖြစ်စေ ပါတီတစ်ခု သို့မဟုတ် အဖွဲ့အစည်းတစ်ခု သို့မဟုတ် လူတစ်စု သို့မဟုတ် အစိုးရတစ်စုစု၏အကျိုးကို ကာကွယ်ရန်ဖြစ်စေ၊ ကျေးဇူးရှိစေရန်ဖြစ်စေ တည်ထောင်ထားသည့် သတင်းစာများ ရှိတတ်ကြ၏။ အဆိုပါသတင်းစာများ၌ လုပ်ကိုင်ရေးသားကြသော ကလောင်သမားများသည် ယုံကြည်မှုဖြင့် ရေးသားကြခြင်းများလည်းရှိနိုင်၍ ဝမ်းရေးအတွက် ရေးချွတ်ကြခြင်းများလည်း ရှိနိုင်၏။ ကျွန်ုပ်ကိုယ်တိုင်မှာ ယုံကြည်မှုမရှိဘဲ ကြေးတန်စားကလောင်သမားအဖြစ်နှင့် ရေးလည်းမရေးခဲ့၊ ရေးလိမ့်မည်လည်း မဟုတ်စေကာမူ ဤနည်းဖြင့် အသက်မွေးရသူများအား အထင်မကြီးရုံမျှသာရှိ၍ ကဲ့ရဲ့ရှုတ်ချလိုသောစိတ်မရှိပေ။ ထိုသူများက ဘက်ကိုရေးကြရသည်ဖြစ်စေ (ဝမ်းရေးအတွက်ဆိုသောကြောင့်) ကျွန်ုပ်က မဲ့ရွဲ့လိမ့်မည်မဟုတ်ချေ။ သို့ရာတွင် ကိုယ့်သိက္ခာကို ကိုယ်စောင့်စည်းသည့် ခေါင်းကြီးရေးသမားတစ်ယောက်ဖြစ်ပါမူကား ဘက်မလိုက်မိစေဖို့ အထူးသတိပြုသင့်ပေသည်။ ဘက်လိုက်ခြင်းဟုဆိုရာ၌ ကိစ္စပေါင်းအမြောက်အမြား ရှိသည့်အနက် အကြီးအကဲကိစ္စများမှာ ပြည်သူနှင့်အစိုးရ လက်ဝဲနှင့်လက်ယာ၊ ဤပါတီနှင့် ထိုပါတီ စသည်တို့အပြင် ရံဖန်ရံခါ ပေါ်လာတတ်သည့် ကျောင်းသားနှင့် ကျောင်းဆရာ၊ အလုပ်ရှင်နှင့် အလုပ်သမားမှစ၍ ပြဿနာပေါင်းသောင်းခြောက်ထောင်မက ရှိတတ်ကြလေသည်။ တစ်ခါတစ်ရံ ပေါ်လာတတ်သည့်ကိစ္စများ၌မူ လူသားသည် လူသားသာဖြစ်၍ မိမိနှင့်အကျိုးချင်းဆက်စပ်သည့်ပြဿနာများတွင် နီးစပ်ရာဘက်သို့ မလိုက်ဘဲနေဖို့ ခဲယဉ်းလှသည်။ ပမာဆိုသော် ကျောင်းဆရာနှင့် ကျောင်းသားများ ပြဿနာပေါ်သည်ဆိုလျှင် ကျောင်းသားမိဘဖြစ်သော အယ်ဒီတာတစ်ယောက်သည် ကျောင်းသားများဘက်မှ ခပ်ပင်းပင်းမရေးဘဲနေနိုင်ဖို့ ခဲယဉ်းပေလိမ့်မည်။ အလွန်တည့်မတ်လှပါသည်ဆိုသော အယ်ဒီတာတစ်ယောက်သည် မိမိက တည့်မတ်စွာရေးပါတော့မည်ဆိုသည့်အထဲကပင် ကိုယ့်ဘာသာကိုယ်မသိဘဲ ဘက်လိုက်လျက်ရှိနိုင်၏။ ဤသို့သောအခက်အခဲမျိုးမှုကား လွန်မြောက်နိုင်သူ မရှိသလောက်ရှားလိမ့်မည် ထင်သည်။ ဤသို့သော ကိစ္စမျိုးတို့ကို ချန်လှပ်၍ ပြည်သူနှင့်အစိုးရ၊ လက်ဝဲနှင့်လက်ယာစသည့်ကိစ္စမျိုးတို့တွင်မှ ဘက်လိုက်သင့်၊ မလိုက်သင့်ဟူသော ပြဿနာတစ်ခု သီးသန့်ပင်ရှိနေပြန်လေသည်။ လက်ဝဲနှင့်လက်ယာကိစ္စတွင် လက်ဝဲဝါဒကြိုက်သူနှင့် လက်ယာဝါဒကြိုက်သူတို့က မိမိကြိုက်သောဝါဒကို ထောက်ခံရမည်၊ ကြားနေ၍ မဖြစ်နိုင်ဟု ဆိုကြပေလိမ့်မည်။ ပြည်သူနှင့်အစိုးရ ပြဿနာပေါ်ပေါက်လျှင်လည်း ပြည်သူ့သတင်းစာဆိုသည်များက ဘာပြောပြော ပြည်သူ့ဘက်က ထောက်ခံရေးသားရမည်။ ပြည်သူ့ဘက်က အမှားရှိလျှင် မိမိတို့ကထောက်ပြဖို့မဆိုထားဘဲ တစ်ဖက်ကထောက်ပြခြင်းကိုပင် ဝန်ခံလိမ့်မည်မဟုတ်ချေ။

**မှန်သည်ထင်သလိုရေးချင်သည်**


ကျွန်ုပ်မှာ မျက်နှာမလိုက်ဘဲ မိမိမှန်သည်ထင်သောဘက်မှ ထောက်ခံရေးသားလိုသောဆန္ဒ ပြင်းထန်သူတစ်ယောက်ဖြစ်သည့်အလျောက် မည်သည့်ကိစ္စနှင့်ဖြစ်စေ မည်သူမကြိုက်ကြိုက်၊ ကြိုက်ကြိုက် မှန်သည်ကိုသာ ဝန်ခံရေးသားလို၏။ တိုင်းပြည်စီးပွားရေးစနစ်တွင် လက်ဝဲဝါဒကို သဘောကျစေကာမူ လက်ဝဲသမားများ၌ အမှားတွေ့လျှင်လည်း ထောက်၍ ပြချင်တတ်၏။ ဤကဲ့သို့ထောက်ပြမိသည့်အတွက်ကြောင့် လက်ဝဲဝါဒအောင်မြင်ရေးအတွက် အနှောင့်အယှက်ဖြစ်သည်ဆိုလျှင်လည်း ကျွန်ုပ်ဂရုမစိုက်၊ ကျွန်ုပ်လူဖြစ်လာသည်မှာ လက်ဝဲဝါဒအောင်မြင်ရေးအတွက်မဟုတ်။ အမှန်တရားကိုသိအောင်လုပ်ပြီး ကျွန်ုပ်မြင်သည့်အတိုင်း တင်ပြရန်အတွက်သာဖြစ်သည်။ တိုင်းပြည်၌ လက်ဝဲဝါဒအောင်မြင်လျှင် လူများစုချောင်ချိနိုင်သည်ဟု ယုံကြည်သော်လည်း လက်ဝဲခေါင်းဆောင်ကြီးများ မှားသည်ထင်လျှင် ဖုံးဖုံးဖိဖိမလုပ်ချင်၊ ကျွန်ုပ်လက်လှမ်းမီသလောက် ဖော်ထုတ်တင်ပြရမှ ကျေနပ်တတ်သည်။ ကျွန်ုပ်၌ ပါတီစိတ်ဓာတ်မျိုး၊ ဝါဒစိတ်ဓာတ်မျိုး တတ်နိုင်သမျှ ကင်းအောင်နေချင်တတ်၍ ထိုအတိုင်းလည်း ရေးချင်တတ်သည်။ ဤအတွက်ကြောင့် မိတ်ဆွေနည်းလျှင်လည်း ကိစ္စမရှိ၊ သစ္စာတရားကိုသာ မိတ်ဆွေဖွဲ့ချင်သည်။ အင်္ဂလန်ပြည်ထုတ် တိုင်းသတင်းစာကြီးသည် လက်ယာဝါဒဖြစ်ရမည်ဖြစ်သော်လည်း ပြည်သူနှင့်အစိုးရ တစ်ဖက်တစ်လမ်းဖြစ်သည့်ကိစ္စမျိုးတွင် ဘက်မလိုက်ဘဲ မှန်သည်ထင်သလို ရေးသားသည်ဆိုသောကြောင့် ကျွန်ုပ်သဘောကျလှသည်။ ကျွန်ုပ်ကြိုက်ပုံသည် ကောင်းသောနည်းလမ်း၊ မှန်သောနည်းလမ်း၊ ကြီးပွားသောနည်းလမ်း၊ လူချစ်လူခင်များသောနည်းလမ်းဟူ၍ မဆိုလို၊ ကျွန်ုပ်၏ဝါသနာတစ်ခုအနေဖြင့် တင်ပြခြင်းမျှသာဖြစ်ပါသည်။

**စဉ်းစားစရာပေးခြင်း**

သတင်းစာခေါင်းကြီးများသည် ဗဟုသုတပေးခြင်း၊ စဉ်းစားစရာပေးခြင်းဟူ၍ (အကြမ်းအားဖြင့်) အလုပ်နှစ်မျိုးဆောင်ရွက်ကြသည်ဖြစ်ရာ ဤနှစ်ခုကို အလျဉ်းသင့်သလို တစ်လှည့်စီဆောင်ရွက်ကြလေသည်။ လာအိုနှင့် ဆူဆူပူပူဖြစ်သည်ဆိုလျှင် လာအို၏သမိုင်းကို စာအုပ်စာတမ်းများမှ ရှာဖွေပြီး အကျဉ်းချုပ်ရေးသားတင်ပြခြင်းသည် စာဖတ်သူများအား ဗဟုသုတပေးခြင်းဖြစ်၏။ ကျွန်ုပ်မှာမူ မည်သည့်စာကိုရေးသည်ဖြစ်စေ စဉ်းစားစရာလေးများပါအောင် ရေးသားချင်တတ်သော အလေ့အကျင့်ရှိ၏။ အကြောင်းတိုက်ဆိုင်သည့်အခါ ဗဟုသုတအဖြစ်တင်ပြခြင်းများရှိသော်လည်း ကျွန်ုပ် အမြဲတစေ အာသီသထားသည်မှာ စာဖတ်သူများအား စဉ်းစားစရာလေးများတင်ပြရန်ဖြစ်၏။ လူဖြစ်လျှင် စဉ်းစားဆင်ခြင်ဉာဏ်သုံးရမည်၊ စဉ်းစားဆင်ခြင်တတ်ရမည်ဆိုက စဉ်းစားဆင်ခြင်ဖို့ အလေ့အကျင့်ထူထောင်ပေးလိုသော ရည်ရွယ်ချက်ဖြင့် အများလူတို့မကြိုက်နိုင်သည့် အလုံးကလေးများကို တမင်တကာဖော်ထုတ်တင်ပြချင်တတ်၏။

ဆက်လက်ဖော်ပြပါမည်။

## ကျောင်းအခြေပြု သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး(HPV)နှင့် ဆုံဆို့ မေးခိုင်ရောဂါကာကွယ်ဆေး(DT) ထိုးနှံပေးလျက်ရှိ



သာပေါင်း စက်တင်ဘာ ၂၃

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်၌ ကျောင်းအခြေပြုသားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး(HPV)နှင့် ဆုံဆို့ မေးခိုင်ရောဂါကာကွယ်ဆေး (DT) ထိုးနှံပေးခြင်းကို စက်တင်ဘာလ ၂၂ ရက်က အခြေခံပညာမူလတန်းလွန်ကျောင်း၊ အခြေခံပညာမူလတန်းကျောင်းတို့တွင် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါကာကွယ်ဆေးထိုးနှံပေးခြင်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာထွန်းပွားဦးဆောင်၍ ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်တင်တင်ဝင်း (မိခင်/ကျောင်းကျန်းမာရေးအဟာရ)နှင့်ကျန်းမာရေးဝန်ထမ်းများက အသက်ငါးနှစ်ပြည့်ပြီး ခုနစ်နှစ်မကျော်သော ကျောင်းသား၊ ကျောင်းသူ ၄၀၆ ဦးတို့ကို ကျောင်းအခြေပြု ဆုံဆို့ မေးခိုင်ကာကွယ်ဆေး(DT)ထိုးနှံပေးခြင်းနှင့် အသက်ကိုးနှစ်ပြည့်ပြီး ၁၀ နှစ်မကျော်သော ကျောင်းသူ ၂၃၉ ဦးတို့အား သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး (HPV) ထိုးနှံပေးခဲ့သည်။

ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိသောအခြေခံပညာကျောင်းများကို ဆက်လက်ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

သိန်းမြင့်မျိုးဦး(မြန်/ဆက်)

UN Tourism
၂၀၂၅ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့
"ခရီးသွားကဏ္ဍ ရေရှည်ဖွံ့ဖြိုးဖို့ စဉ်ဆက်မပြတ် ဖော်ဆောင်စို့"
WORLD TOURISM DAY 2025 | TOURISM AND SUSTAINABLE TRANSFORMATION
၂၇-၉-၂၀၂၅ နေပြည်တော်

MOALI
WORLD RABIES DAY SEPTEMBER 28
(၁၉) ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့
၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၂၈)ရက်
"ခွေးရူးရောဂါကင်းစင်ရေး၊ မနှေးအမြန်လက်တွဲပေး"
ACT NOW: YOU, ME COMMUNITY



နေပြည်တော် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

# ရက်ကန်းနှင့်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းများ ဖွင့်ပွဲကျင်းပ



စစ်တွေ စက်တင်ဘာ ၂၃

ရခိုင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကကျင်းပသည့် အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေး စီမံကိန်း ရက်ကန်းနှင့်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းများဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ယခုဖွင့်လှစ်မည့် ပေါင်မုန့်၊ ကိတ်မုန့်ထုတ်လုပ်မှုနည်းပညာသင်တန်းကို စစ်တွေမြို့ ဆင်ကူးလမ်းရပ်ကွက်၊ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းကို ရွာကြီးတောင်ရပ်ကွက်၊ လက်ရက်ကန်းဒီဇိုင်းတီထွင်ဆန်းသစ်မှုနည်းပညာသင်တန်းကိုရွာသာယာကျေးရွာတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းသင်တန်းတစ်ခုလျှင် ထူးချွန်ပြီး လုပ်ငန်းထူထောင်လိုသူ သင်တန်းသားငါးဦးကို ရွေးချယ်၍ တစ်ပိုင်တစ်နိုင်ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ထူထောင်လာနိုင်စေရန် လုပ်ငန်းသုံးပစ္စည်းများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက စီမံကိန်းသင်တန်းများအတွက် သင်တန်းသုံးကုန်ကြမ်းပစ္စည်းများကိုပေးအပ်ရာ သင်တန်းသား၊ သင်တန်းသူများက လက်ခံရယူကြသည်။

ယင်းနောက်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည်ခန်းမအတွင်း ခင်းကျင်းပြသထားသော သင်တန်းသုံး ကုန်ကြမ်းပစ္စည်းများနှင့် သင်ထောက်ကူပစ္စည်းများအား လှည့်လည်ကြည့်ရှုကြပြီး ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း (စစ်တွေ) သို့ သွားရောက်၍ သင်တန်းသူများကို ဆရာ၊ ဆရာမများက လက်တွေ့သင်ကြားပြသနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြကာ စားရိပ်သာအတွင်း လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

# ပူတာအိုမြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြမဲပေးမှုဆောင်ရွက်

ပူတာအို စက်တင်ဘာ ၂၃

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်ဇော်သည် ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ပြည်နယ်ရွေးကောက်ပွဲအရာရှိဦးမျိုးမင်းဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ပူတာအိုမြို့ ကောင်ကထောင်၊ မြို့မ၊ ဟိုခို၊ ပန်းလှိုင်နှင့်လုံးစွတ်ရပ်ကွက်တို့မှ မဲဆန္ဒရှင်ပြည်သူများနှင့်တွေ့ဆုံပြီး ရွေးကောက်ပွဲဆိုင်ရာအသိပညာနှင့် မဲပေးပုံ မဲပေးနည်းများကို ရှင်းလင်းဆွေးနွေးကာ ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝန်ထမ်းများနှင့်ဌာနဆိုင်ရာများပူးပေါင်း၍ ရွေးကောက်ပွဲပုံစံခင်းကျင်းကာ လက်တွေ့သရုပ်ပြမဲပေးနေမှုကို ကြည့်ရှုအားပေးသည်။

ညနေပိုင်းတွင် ပူတာအိုမြို့ လေယာဉ်ကွင်းရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပထမဆုံးအကြိမ် ဆန္ဒမဲပေးကြမည့် ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံပြီး ဆန္ဒမဲပေးပုံပေးနည်းများ၊ မြန်မာအီလက်ထရောနစ်မဲပေးစက်၏ အားနည်းချက်၊ အားသာချက်များကို အသိပညာပေးဆွေးနွေးပြီး ရွေးကောက်ပွဲပုံစံခင်းကျင်းကာ လက်တွေ့သရုပ်ပြမဲပေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။

ခရိုင်(ပြန်/ဆက်)



# ကျိုက်လတ်မြို့နယ်နှင့် ဘိုကလေးမြို့နယ်တို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းဆောင်ရွက်



ကျိုက်လတ် စက်တင်ဘာ ၂၃

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးတင်ဆွေဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကျိုက်လတ်မြို့နယ် အမှတ်(၄)ရပ်ကွက် ရွှေရောအောင်ခန်းမ၌ မြို့နယ်အတွင်းရှိ ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးနေမှုကို ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးတင်ဆွေဝင်းက MEVM မဲပေးစက်အသုံးပြုခြင်းသည် မှန်ကန်ပြည့်စုံရိုးရှင်းပြီး စနစ်ကျသောမဲပေးသည့်စနစ်ဖြစ်ကြောင်း၊ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် မဲပေးသည့်စနစ်ကို မဲဆန္ဒရှင်ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန်၊ အသိပညာပေးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရေး၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ရမည့်လုပ်ငန်းများ လစ်ဟာမှုမရှိအောင် ဆောင်ရွက်နိုင်ရေး၊ မဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာသော မဲဆန္ဒရှင်ပြည်သူများက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့်လက်တွေ့စမ်းသပ်မဲပေးနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့အတူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးတင်ဆွေဝင်းနှင့်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲတို့နှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးတင်ဆွေဝင်းက မဲစာရင်းများမှန်ကန်မှုရှိစေရေး၊ မဲပေးစက်များ စနစ်တကျသယ်ယူကိုင်တွယ်စေရေး၊ ပထမအကြိမ်မဲစာရင်းကြေညာခြင်းလုပ်ငန်း အောင်မြင်စေရေးအတွက် လိုအပ်သည်များမှာကြားဆွေးနွေးသည်။

ထို့နောက် မြို့နယ်ရွေးကောက်ပွဲအရာရှိ ဒေါ်ပိုးဒါလီက ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများအား ရှင်းလင်းတင်ပြပြီး တွေ့ဆုံပွဲသို့တက်ရောက်ကြသူများကလည်း ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သည်များ၊ သိလိုသည်များကို အကြံပြုဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

မိုးစက်(ဘိုကလေး)

# မြောက်ဥက္ကလာပမြို့နယ်၌ အသက်ငါးနှစ်မှ ခုနစ်နှစ်ကြား ကျောင်းသား ကျောင်းသူများအား ပြင်းထန်ဝမ်းပျက် ဝမ်းလျှောရောဂါကာကွယ်ဆေး နောက်ဆုံးအကြိမ်တိုက်ကျွေး


ရန်ကုန် စက်တင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင် မြောက်ဥက္ကလာပမြို့နယ် အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများရှိ အသက်ငါးနှစ်မှ ခုနစ်နှစ်ကြား ကျောင်းသား၊ ကျောင်းသူများအား ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ပွားခြင်းမှကာကွယ်နိုင်ရန် ဝမ်းပျက်၊ ဝမ်းလျှောရောဂါကာကွယ်ဆေး(Oravacs) နောက်ဆုံးအကြိမ်တိုက်ကျွေးခြင်းကို စက်တင်ဘာလ ၂၂ ရက်က အခြေခံပညာကျောင်းများ၌ ဆောင်ရွက်သည်။

အဆိုပါ ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါကာကွယ်ဆေးတိုက်ကျွေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ မျိုးမင်းထွန်းဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများတွင် ပညာသင်ကြားနေကြသော အသက်ငါးနှစ်မှ ခုနစ်နှစ်ကြား ကျောင်းသား၊ ကျောင်းသူများ ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ပွားခြင်းမှကာကွယ်နိုင်ရန် ဝမ်းပျက်၊ ဝမ်းလျှောရောဂါကာကွယ်ဆေး နောက်ဆုံးအကြိမ်အဖြစ် စနစ်တကျတိုက်ကျွေးကြရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သည်များပူးပေါင်း ဆောင်ရွက်ပေးသည်။

မြောက်ဥက္ကလာပမြို့နယ်၌ ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါကာကွယ်ဆေး တိုက်ကျွေးမည့် အသက်ငါးနှစ်မှ ခုနစ်နှစ်ကြားကလေးငယ် ၅၂၂၃ ဦးရှိပြီး အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများရှိ ကလေးများအား နောက်ဆုံးအကြိမ်အဖြစ် ကွင်းဆင်းကာ ကာကွယ်ဆေးလွှမ်းခြုံနိုင်ရေး တိုက်ကျွေးပေးလျက်ရှိကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)




# လှိုင်းဘွဲ့မြို့နယ်၌ ဇလင်းတန်ဖွံ့ဖြိုးရေး လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲ ကျင်းပ



လှိုင်းဘွဲ့ စက်တင်ဘာ ၂၃

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ ဇလင်းတန်ဖွံ့ဖြိုးရေးအတွက် လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို စက်တင်ဘာလ ၂၂ ရက်က အမှတ်(၁) အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစောသော်တာလင်းသန့်က ဘက်စုံထူးချွန်သော ကျောင်းသား၊ ကျောင်းသူများဖြစ်လာစေရန်၊ အသိပညာဗဟုသုတများတိုးပွားလာစေရေး စာဖတ်သည့် အလေ့အကျင့်ကောင်းများ မွေးမြူကြရန်၊ ဇလင်းတန်အကြောင်းတို့ကို အသိပညာပေးဟောပြောပြီး မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဦးစိုင်းရန်နောင်က ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်ရေး ဆောင်ရွက်မှုလုပ်ငန်းများ၊ ဥပဒေပြဋ္ဌာန်းချက်များ၊ ပြစ်မှုပြစ်ဒဏ်များ၊ ကလေးသူငယ်တိုင်းသည် နိုင်ငံတော်၏အနာဂတ်ဖြစ်သောကြောင့် အခြေခံကျသည့် အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခံပိုင်ခွင့်၊ ပါဝင်ဆောင်ရွက်ခွင့်နှင့် ကုလသမဂ္ဂအဖွဲ့၏ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက်များအား အသိပညာပေး ဟောပြောသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လူတိုင်းပါဝင်ကူညီပေး၊ မူးယစ်ဆေးဝါးအကြောင်း သိကောင်းစရာများနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး စသည့်အသိပညာပေးနံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

စောဒိ(ပြန်/ဆက်)

# ရေနံချောင်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြော

ရေနံချောင်း စက်တင်ဘာ ၂၃

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို စက်တင်ဘာလ ၂၂ ရက်က အမှတ်(၃)အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုမီအောင်က ကျောင်းသား၊ ကျောင်းသူများ စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိစေရန်၊ လူအများကြားတွင် ရဲဝံ့စွာပြောဆိုတတ်စေရန်နှင့် အမှား၊ အမှန် ဝေဖန်ပိုင်းခြားတတ်စေရန် ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်စားသုံးသူရေးရာဦးစီးဌာန တာဝန်ခံ ဒေါ်ချိုဝေလွင်က အစားအစာဘေးကင်းလုံခြုံရေးနှင့်စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာများကိုလည်းကောင်း၊ မြို့နယ်တိုင်းရင်းဆေးကုဌာန တိုင်းရင်းဆေးမှူး ဒေါ်မြင့်မြင့်ကြည်က မိုးရာသီတွင်ဖြစ်ပွားတတ်သော ဝမ်းပျက်၊ ဝမ်းလျှောရောဂါနှင့် တိုင်းရင်းဆေး၏ အကျိုးကျေးဇူးများကိုလည်းကောင်း အသိပညာပေးဟောပြောပြီး ကျောင်းသား၊ ကျောင်းသူများအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ ကလေးအလုပ်သမားပပျောက်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်များအား ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ပွင့်ဖြူမြို့နယ်၌ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

ပွင့်ဖြူ စက်တင်ဘာ ၂၃

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးအတွက် ဈေးရောင်းဈေးဝယ်များအား ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းနှင့် အင်ဖက်၊ ငှက်ပျောဖက်၊ ကြာဖက်၊ စက္ကူများ ဖြန့်ဝေပေးခြင်းကို စက်တင်ဘာလ ၂၂ ရက်က ပွင့်ဖြူမြို့မစည်ပင်သာယာဈေး၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ပွင့်ဖြူမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်နှင့် ဝန်ထမ်းများက မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဈေးကော်မတီဝင်များ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများနှင့်အတူ ပွင့်ဖြူမြို့မစည်ပင်သာယာဈေးသို့သွားရောက်၍ ဈေးရောင်းဈေးဝယ်များနှင့် တွေ့ဆုံကာ မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးအတွက် ဈေးရောင်းဈေးဝယ်ရာတွင် သဘာဝပတ်ဝန်းကျင်ကို ဆိုးကျိုးဖြစ်စေသော ပလတ်စတစ်အိတ်များနှင့် ပလတ်စတစ်ပစ္စည်းများကို သုံးစွဲခြင်းမပြုကြရန်၊ ဈေးဝယ်လာသူများ အနေဖြင့် မိမိတို့နေအိမ်မှ ထည့်စရာတစ်ခုခုကို တစ်ပါတည်းယူဆောင်လာကြရန်၊ ဈေးရောင်းပြီးချိန်တိုင်း သန့်ရှင်းရေး စနစ်တကျဆောင်ရွက်ကြရန် စသည့် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးလုပ်ငန်းများကို အသိပညာပေးပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က သဘာဝပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးအတွက် ပွင့်ဖြူမြို့မစည်ပင်သာယာဈေး အတွင်း၊ အပြင်ရှိ ဈေးရောင်းဈေးဝယ်များကို ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး ဈေးရောင်းဈေးဝယ်ရာတွင် အသုံးပြုရန် အင်ဖက်၊ ငှက်ပျောဖက်၊ ကြာဖက်၊ စက္ကူတို့ကို လိုက်လံဝေငှပေးကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# တနင်္သာရီတိုင်းဒေသကြီးအဆင့် အခြေခံပညာကျောင်းသားအားကစားပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ထားဝယ် စက်တင်ဘာ ၂၃**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် တနင်္သာရီတိုင်းဒေသကြီးအဆင့် အသက် ၁၈ နှစ်အောက် အခြေခံပညာ ကျောင်းသား အားကစားပြိုင်ပွဲဖွင့်ပွဲကို စက်တင်ဘာလ ၂၂ ရက်က ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်အသင်းများက ကွင်းအတွင်း နေရာယူ၍ တိုင်းဒေသကြီးဝန်ကြီးချုပ်အား အလေးပြုပြီးတန်းအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက အမှာစကားပြောကြားရာတွင် နိုဝင်ဘာလ ၂၀ ရက်မှ ၂၉ ရက်အထိ ဘရူနိုင်းနိုင်ငံ၌ ကျင်းပမည့် (၁၄)ကြိမ်မြောက် အာဆီယံကျောင်းသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေး တိုင်းဒေသကြီး လက်ရွေးစင်များရွေးချယ်နိုင်ရန် တိုင်းဒေသကြီးအဆင့် အသက် ၁၈ နှစ်အောက် အခြေခံပညာ ကျောင်းသားအားကစားပြိုင်ပွဲ ကျင်းပခြင်းဖြစ်ပြီး နိုင်ငံတော်ကအားထားရသော ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်လက်ရွေးစင် အားကစားမောင်/မယ်များပေါ်ထွက်လာရေး ကျင်းပခြင်းဖြစ်ကြောင်း၊ ပြီးခဲ့သည့်ကျောင်းသားအားကစားပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးအနေဖြင့် ရွှေတံဆိပ်ရှစ်ခု၊ ငွေတံဆိပ်ခြောက်ခု၊ ကြေးတံဆိပ်လေးခုနှင့် အမျိုးသမီးဘော်လီဘောရွှေတံဆိပ်ဆုဆွတ်ခူးရရှိခဲ့သည့်အတွက် တိုင်းဒေသကြီးတွင် ထူးချွန်အားကစားသမားများစွာရှိနေပြီး အားကစားကဏ္ဍတိုးတက်မြင့်မားလာသည်ကိုလည်း တွေ့ရှိရကြောင်း ပြောကြားသည်။

ယင်းနောက် ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာအဓိဋ္ဌာန်(၄)ချက် ရွတ်ဆို၍ ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကာ ကျောင်းသား၊ ကျောင်းသူများက ဘင်ခရာအဖွဲ့၊ ပန်းဖွားအဖွဲ့၊ Fitness Dance အက၊ တို့ပြည်ထောင်စုအတွက် သီချင်းများဖြင့် ကပြဖျော်ဖြေကြသည်။

ဆက်လက်၍ အမျိုးသားဘောလုံးပြိုင်ပွဲတွင် ထားဝယ်အသင်းနှင့် ရေဖြူအသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အားကစားဝါသနာရှင်များက ကြည့်ရှုအားပေးကြသည်။



တနင်္သာရီတိုင်းဒေသကြီးအဆင့် အသက် ၁၈ နှစ်အောက် အခြေခံပညာကျောင်းသားအားကစားပြိုင်ပွဲတွင် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်၊ ကြက်တောင်၊ စားပွဲတင်တင်းနစ်၊ ဘတ်စကက်ဘောပြိုင်ပွဲများကို စက်တင်ဘာလ ၁၉ ရက်မှ ၂၄ ရက်အထိ ယှဉ်ပြိုင်ကစားလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လတ်(ပြန်/ဆက်)**

# အသက် ၁၇ နှစ်အောက် အခြေခံပညာ ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ



**ကလော စက်တင်ဘာ ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ကလောမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ အသက် ၁၇ နှစ်အောက် အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို စက်တင်ဘာလ ၂၂ ရက်က မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ တတိယနေရာလုပွဲအဖြစ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတို့ ယှဉ်ပြိုင်ကစားရာ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းအသင်းက ၁ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲအဖြစ် အောင်ပန်းကိုယ်ပိုင်ကျောင်း(ခ) အသင်းနှင့် ဟဲဟိုးမြို့ အင်းခေါင်း အမှတ် (၇) အခြေခံပညာအထက်တန်းကျောင်းအသင်းတို့ ယှဉ်ပြိုင်ကစားရာ အင်းခေါင်း အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းအသင်းက ပထမဆုရရှိသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးသိန်းနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် အသင်းများနှင့် ပြိုင်ပွဲတွင် တစ်ဦးချင်းအကောင်းဆုံးကစားသမားဆု၊ ရှေ့တန်း၊ အလယ်တန်း၊ နောက်တန်းနှင့် အကောင်းဆုံးဂိုးသမားဆုရရှိသူများကို ဆုများအသီးသီး ချီးမြှင့်ပေးအပ်သည်။

အဆိုပါဘောလုံးပြိုင်ပွဲတွင် ကလောမြို့နယ်ရှိ အခြေခံပညာကျောင်းများမှ ပြိုင်ပွဲဝင် ၁၆ သင်း ဝင်ရောက်ယှဉ်ပြိုင်ပြီး ပြိုင်ပွဲကို ဩဂုတ်လ ၂၅ ရက်မှ စက်တင်ဘာလ ၂၂ ရက်အထိ ကျင်းပကြောင်း သိရသည်။ **ကျော်ဝင်း(ကလော)**

# လှိုင်းဘွဲ့မြို့နယ် တောင်ခြေရင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေး

**လှိုင်းဘွဲ့ စက်တင်ဘာ ၂၃**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တောင်ခြေရင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ တတိယအကြိမ်ထုတ်ချေးခြင်းကို စက်တင်ဘာလ ၂၃ ရက်တွင် ဆောင်ရွက်သည်။

ရှေးဦးစွာ လှိုင်းဘွဲ့မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းနှင့် ဝန်ထမ်းများက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ တခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက တောင်ခြေရင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း တတိယအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ သုံးဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း အသင်းသား ၂၄ ဦးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ငွေကျပ် သိန်း ၃၇၀ ကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးထားကြောင်း သိရသည်။ **ကိုသက်**

# ကသာခရိုင်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ဧက ၁၇၀၀၀၀ ကျော် စိုက်ပျိုးပြီးစီး

**ကသာ စက်တင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးဧက ၁၇၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကသာခရိုင်အတွင်း ဆန်၊ စပါး ဖူလုံစေရန်ရည်ရွယ်၍ မိုးစပါးကိုအဓိကထားစိုက်ပျိုးခြင်းဖြစ်ပြီး အထွက်နှုန်းကောင်းမွန်စေရန် ဒေသခံတောင်သူများလိုအပ်သော စပါးမျိုးများ၊ သွင်းအားစုများနှင့် စိုက်ပျိုးရေးနည်းပညာများကို ကသာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ကသာခရိုင်အတွင်း မိုးစပါး ၁၇၃၆၂၅ ဧက စိုက်ပျိုးရန်လျာထားရာ လက်ရှိတွင် ၁၇၁၇၃၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ယခင်နှစ်မိုးသီးနှံစိုက်ပျိုးရာသီက မိုးစပါး ၁၇၃၁၅၂ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အထွက်နှုန်းကောင်းမွန်ခဲ့ကြောင်း၊ ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီတွင် အထွက်နှုန်းကောင်းမျိုးများဖြစ်သော ဆင်းဧကရီ- ၃၊ မော်ဘီ- ၂၊ ရောမင်း၊ ဆင်းသုခမျိုးများအပြင် အောင်နိုင်တိုးစပါးမျိုးကိုလည်း တိုးချဲ့စမ်းသပ်စိုက်ပျိုးထားကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးကပြောသည်။

ယခုနှစ်တွင် မိုးစပါးအထွက်နှုန်းကောင်းမွန်စေရန် ကသာခရိုင်စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် စပါးမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ခြင်း၊ စံပြကွက်များ၊ စမ်းသပ်ကွက်များစိုက်ပျိုး၍ ဒေသခံတောင်သူများအား လက်တွေ့ပြသခြင်း၊ သင်တန်းများ၊ ဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်း၊ စိုက်ပျိုးရေးနည်းပညာများ ဖြန့်ဝေပေးသည့်အပြင် မြေဆီလွှာတိုးတက်ကောင်းမွန်စေရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးထုတ်လုပ်မည်ဖြစ်ကြောင်းနှင့် ဒေသတွင်းဆန်စားသုံးမှုဖူလုံစေရုံသာမက တခြားဒေသများသို့လည်း ပို့ဆောင်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်စွာ(ကသာ)**

# ကလေးငယ်များနှင့် မွေးရာပါချို့ယွင်းချက်

**"Birth Defects သည် ကိုယ်ဝန်ရှိသည်ကို မသိသေးမီအချိန်နှင့် ကိုယ်ဝန်အစောပိုင်း လနုသောကာလများတွင် ဖြစ်ပွားလေ့ရှိသည်။ မျိုးရိုးဗီဇ၊ နေထိုင်မှုပုံစံ၊ အပြုအမူ၊ ကိုယ်ဝန်ဆောင်စဉ် တချို့သော ဆေးဝါး၊ ဓာတုပစ္စည်း စသည်တို့နှင့်သုံးစွဲထိတွေ့ခြင်း၊ ကိုယ်ဝန်ဆောင်စဉ်အချိန်အတွင်း ရောဂါပိုးဝင်ခြင်း စသည်တို့ကြောင့် ကလေးငယ်များတွင် နောက်ဆက်တွဲဆိုးကျိုးများ ဖြစ်ပေါ်လာနိုင်သည်။ အရက်သောက်များသူတွင် မျိုးရိုးဗီဇပြန့်ပွားရေးအခြေအနေအားနည်းသွား၍ သားသမီးယူရန်အစီအစဉ်ရှိသော အိမ်ထောင်ရှင်များအနေဖြင့် အရက်သေစာ ယမကာမျိုးစုံ ရှောင်ရှားသင့်သည်. . ."**

မွေးဖွားလာစဉ်ကတည်းက ကလေးငယ်တွင် ခန္ဓာကိုယ်တည်ဆောက်မှုပုံသဏ္ဍာန်မမှန်ခြင်း၊ ခန္ဓာကိုယ်လုပ်ငန်းဆောင်တာတစ်ခုခု သို့မဟုတ် အလုံးစုံနီးပါး ပုံမှန်အလုပ်မလုပ်နိုင်တဲ့ ချို့ယွင်းနေခြင်းကို မွေးရာပါချို့ယွင်းချက်ရောဂါဟု ခေါ်ဆိုနိုင်သည်။ ယင်းကို ဆေးသိပ္ပံနည်းအရ Birth Defects ဟု ခေါ်သည်။ Teratogen ခေါ် ဓာတုပစ္စည်း၊ ဆေး၊ ရောဂါပိုးမွှား စသည့်ပစ္စည်းများကြောင့် မွေးရာပါချို့ယွင်းချက် ရောဂါအများစုကို ဖြစ်စေနိုင်သည်။ ယင်းTeratogen ၏ ဘေးထွက်ဆိုးကျိုးများကြောင့် သန္ဓေသားဘဝကပင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဖြစ်ခြင်း၊ နှလုံးနံရံနှင့် နှလုံးအဆို့ရှင်များ ပျက်စီးနေခြင်း၊ ကျောရိုးနာ့ဗ်ကြော (မဏ္ဍိုင်အာရုံကြော) ပျက်စီးခြင်း၊ ကျောရိုးတွင် အပေါက်ကြီးဖြစ်ခြင်း၊ ဘယ်ရီဘယ်ရီခေါ် ဉာဏ်ရည်မမီခြင်း စသည်တို့ဖြစ်လာသည်။

Birth Defects ရောဂါ ပုံစံအမျိုးမျိုးရှိသည့်အနက် ကလေးတချို့တွင် သိပ်မပြင်းထန်၊ အန္တရာယ်လည်း မရှိနိုင်ပါ။ သို့သော် ဝေဒနာရှိကလေးအများစုမှာ တစ်နှစ်အောက်အရွယ်တွင် အသက်သေဆုံးနိုင်ခြေများသည်ကို တွေ့ရသည်။ သာမန်ကလေးများနှင့် မတူဘဲ မိမိကလေးတွင် မွေးရာပါချို့ယွင်းချက်တစ်စုံတစ်ရာရှိနေခြင်းက ကလေး၏ ကိုယ်စိတ်နှစ်ဖြာကျန်းမာရေးကို ထိခိုက်စေနိုင်သည့်အပြင် ကုသရန်ခက်ခဲပြီး ကလေးဘဝတစ်သက်တာလုံး အခက်အခဲများနှင့် ရင်ဆိုင်ရနိုင်သည်။ အုပ်ထိန်းသူမိဘများတွင်လည်း ကြီးစွာသောဝန်ထုပ်ဝန်ပိုးဖြစ်စေနိုင်သည်။

**မွေးရာပါချို့ယွင်းချက်ဖြစ်စေသောအကြောင်းများ**

Birth Defects သည် ကိုယ်ဝန်ရှိသည်ကို မသိသေးမီအချိန်နှင့် ကိုယ်ဝန်အစောပိုင်း လနုသောကာလများတွင် ဖြစ်ပွားလေ့ရှိသည်။ မျိုးရိုးဗီဇ၊ နေထိုင်မှုပုံစံ၊ အပြုအမူ၊ ကိုယ်ဝန်ဆောင်စဉ် တချို့သောဆေးဝါး၊ ဓာတုပစ္စည်း စသည်တို့နှင့်သုံးစွဲထိတွေ့ခြင်း၊ ကိုယ်ဝန်ဆောင်စဉ်အချိန်အတွင်း ရောဂါပိုးဝင်ခြင်း စသည်တို့ကြောင့် ကလေးငယ်များတွင် နောက်ဆက်တွဲဆိုးကျိုးများ ဖြစ်ပေါ်လာနိုင်သည်။ အရက်သောက်များသူတွင် မျိုးရိုးဗီဇပြန့်ပွားရေးအခြေအနေအားနည်းသွား၍ သားသမီးယူရန် အစီအစဉ်ရှိသော အိမ်ထောင်ရှင်များအနေဖြင့် အရက်သေစာ ယမကာမျိုးစုံ ရှောင်ရှားသင့်သည်။ သို့မဟုတ်ပါက အရက်တွင်ပါသော အယ်လ်ကိုဟောက ချက်ကြိုးမှတစ်ဆင့် ကလေးထံရောက်ရှိပြီး Fetal Alcohol Syndrome ခေါ် မွေးရာပါချို့ယွင်းချက်ရောဂါစုဖြစ်စေသည်။ ကိုယ်ဝန်ဆောင်ချိန်တွင် ဆေးလိပ်မသောက်ပါနှင့်။ ဆေးလိပ်ငွေ့လည်း မရှူမိပါစေနှင့်။ ဆေးလိပ်တွင်ပါသော နီကိုတင်းအဆိပ်က ကလေးတွင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဖြစ်စေသည်။ မူးယစ်ဆေးဝါးသုံးစွဲနေသော မိခင် သို့မဟုတ် ဖခင်ကြောင့် ကလေးတွင် မွေးရာပါချို့ယွင်းချက်အပြင် လမစေ့၊ ပေါင်မပြည့်ဘဲ မွေးဖွားလာတတ်သည်။

**ရှောင်ရန်၊ ဆောင်ရန်များ**

ကိုယ်ဝန်ဆောင်နေစဉ် သို့မဟုတ် ကိုယ်ဝန်ဆောင်ရန်ပြင်ဆင်နေချိန်တွင် ရေကျောက်၊ ဝက်သက်၊ ဂျိုက်သိုး ရောဂါတစ်ခုခုခံစားနေရသူနှင့် ခပ်ခွာခွာ နေထိုင်သင့်သည်။ အဘယ်ကြောင့်ဆိုသော် ယင်းရောဂါပိုးက ကိုယ်ဝန်သည်ထံ အလွယ်တကူ ဝင်ရောက်ကူးစက်ပြီး ဗိုက်ထဲမှသန္ဓေသားဆီ ရောက်သွားကာ မွေးရာပါနားမကြား သို့မဟုတ် မျက်စိမမြင်ပြဿနာများ ဖြစ်လာနိုင်သည်။ ကိုယ်ဝန်ဆောင်နေစဉ် ခွေး၊ ကြောင်တို့နှင့် လက်ပွန်းတတီး မနေပါနှင့်။ ကြောင်ချေးထဲတွင်ပါလာသော Toxoplasma ခေါ် ကပ်ပါးကောင်တစ်မျိုးက မိခင်ရော ကလေးကိုပါ အန္တရာယ်ပေးနိုင်သောကြောင့်ဖြစ်သည်။ ကိုယ်ဝန်ဆောင်ကာလတွင် အဝလွန်ခြင်း၊ ဆီးချိုတက်ခြင်းမဖြစ်အောင် သတိပြုစားသောက်ပါ။ အကယ်၍ ဖျားနာခဲ့လျှင်လည်း မိမိသဘောဖြင့် ပဋိဇီဝဆေးများ ဝယ်မသောက်ရ၊ ယင်းဆေးများ၏ ဘေးထွက်ဆိုးကျိုးအဖြစ် ကလေးတွင် ကျောရိုးပွင့်ပြီး အာရုံကြောထွက်ပြဿနာ ဖြစ်တတ်သည်။ ယင်းပြဿနာသည် ဖြစ်ခေါ်ဖြစ်ခဲဆိုသော်လည်း မပေါ့ဆရန်လိုအပ်သည်။ အထူးသတိပြုရန်မှာ ကလေး၏ အဓိကအရေးပါသော အင်္ဂါအစိတ်အပိုင်းများက ကိုယ်ဝန်အစောဆုံး ပထမလေးပတ်မှ ရှစ်ပတ်အတွင်း ဖွံ့ဖြိုးလာပြီး ကိုယ်ဝန်ပထမသုံးလသည် အနုနယ်ဆုံးအချိန်ဖြစ်ကာ ကလေး၏ကိုယ်တွင်းအင်္ဂါများ တစ်ခုပြီးတစ်ခု စတင်ဖြစ်ပေါ်နေသည့် အချိန်လည်းဖြစ်သည်။ ထိုအချိန်တွင် တစ်ခုခုချွတ်ချော်သွားခဲ့လျှင် ချို့ယွင်းချက်များပါလာနိုင်၍ သတိရှိရန် လိုအပ်သည်။

**နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ မဖြစ်စေလို**

နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဆိုသည်မှာ မွေးရာပါ နှုတ်ခမ်း သို့မဟုတ် အာခေါင်သော်လည်းကောင်း၊ နှစ်ခုစလုံးသော်လည်းကောင်း အက်ကွဲကြောင်း ရှိနေခြင်းဖြစ်သည်။ နောက်ဆက်တွဲဆိုးကျိုးအဖြစ် စကားမပြောနိုင်ခြင်းနှင့် အကြားအာရုံထိခိုက်၍ နားမကြားခြင်းအထိ ဖြစ်လာနိုင်သည်။ မိဘဆွေမျိုးတွင် ယင်းပုံစံရှိလျှင် မျိုးရိုးလိုက်ခြင်းကြောင့် ဖြစ်ပြီး တခြားဖြစ်နိုင်သောအကြောင်းများမှာ ကိုယ်ဝန်ဆောင်စဉ်ကာလတွင် မိခင်က အရက်၊ ဆေးလိပ်၊ မူးယစ်ဆေးသုံးစွဲခြင်း၊ ကိုယ်ဝန်ဆောင်စဉ် ကိုယ်တိုင်ဆေးလိပ်မသောက်သော်လည်း ဆေးလိပ်မီးခိုးနံ့များ ရှူရှိုက်ခြင်း၊ ကိုယ်ဝန်ဆောင်နေစဉ် တုပ်ကွေး သို့မဟုတ် ဝက်သက်ကဲ့သို့ပြင်းထန်သော ဝေဒနာတစ်ခုခုဖြစ်ခြင်း၊ မိခင်က ကိုယ်ဝန်ရှိမှန်း မသိဘဲ ပဋိဇီဝဆေးများသောက်မိခြင်း၊ ကိုယ်ဝန်ဆောင်စဉ် အစာအာဟာရချို့တဲ့ခြင်း၊ ဗီတာမင်- A နှင့် ဖောလစ်အက်စစ်ချို့တဲ့ခြင်း၊ ကိုယ်ဝန်ဆောင်စဉ် ဗိုင်းရပ်စ်ပိုး၊ ဓာတုပစ္စည်းများ၊ ပိုးသတ်ဆေး၊ ခဲဆိပ်သင့်ခြင်း၊ သတ္တုအဆိပ်သင့်ခြင်း စသောပြဿနာတစ်ခုခုကြောင့်ဖြစ်လာရသည်။

**ဗီတာမင်-B1 ချို့တဲ့မှုမဖြစ်စေရန်**

ဗီတာမင်-B1 ချို့တဲ့၍ ကလေးတွင်ဖြစ်သော ရောဂါကို ဆေးသိပ္ပံနည်းအရ Infantile Beriberi ခေါ် ဘယ်ရီဘယ်ရီရောဂါဟုခေါ်သည်။ ပျမ်းမျှ အသက် နှစ်လ၊ သုံးလခန့် ရင်သွေးငယ်များတွင် အများဆုံးဖြစ်လေ့ရှိပြီး ဗီတာမင်-B1 ချို့တဲ့သော မိခင်နို့ရည်ကို သောက်သုံးရသည့် ရင်သွေးငယ်များတွင် ထိုရောဂါကို ခံစားကြရသည်။ ရောဂါလက္ခဏာများမှာ ကလေးငယ်သည် ရုတ်တရက် ခန္ဓာကိုယ်တစ်ခုလုံး ပြာနှမ်းသွားခြင်း၊ အသက်ကို ခက်ခဲပင်ပန်းစွာ ရှူရှိုက်နေရခြင်း၊ အသက်ရှူနှုန်းနှင့် နှလုံးခုန်နှုန်းမြန်ဆန်လာခြင်း၊ မျက်နှာဖောရောင်လာခြင်း၊ ခန္ဓာကိုယ်အနှံ့ (အထူးသဖြင့် ခြေ၊ လက်များ ဖောရောင်လာခြင်း)၊ ဆီးထွက်နည်းလာခြင်း၊ ဝမ်းဗိုက်ဖောင်း၍ အသည်းကြီးလာခြင်း၊ အလွန်အမင်းလူးလွန့်ငိုကြွေးခြင်း၊ ငိုနေရာမှ ရုတ်တရက် အသံတိတ်သွားခြင်း၊ ဂနာမငြိမ်ဖြစ်ခြင်း၊ ရုတ်တရက် တက်သွားခြင်း၊ သတိမေ့မြောသွားခြင်း စသည်တို့ဖြစ်သည်။ ထို့ကြောင့် မီးဖွားပြီးစ နို့တိုက်မိခင်များ အနေဖြင့် ဗီတာမင်-B1 မချို့တဲ့အောင် ထမင်းကို ငှဲ့၍မချက်ဘဲ ထမင်းရေခန်း ချက်စားပါ (အကယ်၍ ငှဲ့ချက်ပါက ထမင်းရည်ဝဝသောက်ပေးပါ)။ လိုအပ်ပါက မိခင်နှင့် ရင်သွေးငယ်တို့ ဗီတာမင်-B1 ဖြည့်စွက်စာအဖြစ် ဆေးပြားများ မှီဝဲသောက်သုံးခြင်း သို့မဟုတ် ဗီတာမင်-B1 ဆေးထိုးနှံခြင်းတို့ ပြုလုပ်ရမည်။

**ကိုယ်ဝန်ဆောင်များအတွက် သက်စောင့်ဓာတ်**

ကိုယ်ဝန်ဆောင်များအတွက် သက်စောင့်ဓာတ်များစွာ လိုအပ်သည်။ ပရိုတင်း ခေါ် အသားဓာတ် ချို့တဲ့အားနည်းသောမိခင်တွင် ခန္ဓာကိုယ်ဖောရောင်ခြင်း၊ ကိုယ်ဝန်ပျက်ကျနိုင်ခြင်း၊ သွေးအားနည်းခြင်း၊ သားအိမ်ကြွက်သားအားနည်း၍ မွေးဖွားရခက်ခဲခြင်း၊ ကိုယ်ခံအားနည်းလာပြီး ပြင်ပရောဂါများ အလွယ်တကူဝင်ရောက်လွယ်ခြင်း၊ ပေါင်မပြည့်၊ အချိုးမကျသောရင်သွေးမွေးဖွားခြင်း စသည့်ပြဿနာများစွာ ဖြစ်လာနိုင်သည်။ သန္ဓေသား၏ အရိုးနှင့်သွားများ ကောင်းစွာတည်ဆောက်နိုင်ရန်၊ ထိုကလေး၏ အနာဂတ်တွင် ခွန်အားဗလပြည့်ဖြိုးခြင်း၊ အသားအရေလှပခြင်း၊ သက်ရှည်ကျန်းမာစေရန် မီးစုန်းဓာတ် လိုအပ်သည်။ သံဓာတ်က မိခင်နှင့်ကလေးနှစ်ဦးစလုံး အတွက် လွန်စွာတန်ဖိုးရှိသော သက်စောင့်ဓာတ်ဖြစ်သည်။ သံဓာတ်အားနည်းသောမိခင်မှ မွေးဖွားလာသောကလေးတွင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲရောဂါနှင့် ဦးနှောက်ဉာဏ်ရည်မပြည့်မီသောရောဂါတို့ ဖြစ်စေတတ်သည်။ သားသမီးယူရန် အစီအစဉ်ရှိပါက အနည်းဆုံး ဖောလစ်အက်စစ် ၄၀၀ မိုက်ခရိုဂရမ်ကို နေ့စဉ်သောက်ပါ။ ကိုယ်ဝန်စတင်ဆောင်ချိန်မှစ၍ နေ့စဉ်စားသုံးသောအစားအစာများထဲတွင် ဖောလစ်အက်စစ် အလုံအလောက်ပါရှိနေမှသာ ကျန်းမာဖျတ်လတ် ဉာဏ်ရည်ထက်မြက်သော ရင်သွေးရတနာမွေးဖွားလာနိုင်မည်ဖြစ်ပြီး ထိုကလေး ကြီးပြင်းလာသည့် ဘဝတစ်သက်တာလုံး ဦးနှောက်နှင့် အာရုံကြောရောဂါ ကင်းဝေးစေနိုင်မည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုသော် မိခင်နှင့်သန္ဓေသား ကျန်းမာရေးအတွက် လိုအပ်လျက်ရှိသော အာဟာရပြုဓာတ်များကို မိခင်လောင်းများ နေ့စဉ် စားသောက်နေသောအစားအစာများထဲမှ ပြည့်စုံလုံလောက်စွာ ရရှိနိုင်စွမ်းမရှိပေ။ ထို့ကြောင့် ကိုယ်ဝန်ဆောင်များ အတွက် ဖြည့်စွက်အားဆေးများလိုအပ်သည်။ ထို့ပြင် သင့်ကလေးဘဝတစ်သက်တာ ကျန်းမာကြံ့ခိုင်ရေး အတွက် ကျန်းမာရေးဦးစီးဌာနမှ တိုက်တွန်း၊ ထိုးနှံပေးနေသောဆေးဝါးများကို ဆေးပတ်လည်အောင် မပျက်မကွက်တိုက်ကျွေး၊ ထိုးနှံပြီး မိခင်၊ ဖခင်လောင်း များအနေဖြင့်လည်း မွေးရာပါချို့ယွင်းချက်များ ဖြစ်ပေါ်လာခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန် ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိရှိကြစေလို ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ပေါက်ပေါက်

## သထုံမြို့နယ်၌ ပညာရည်ချွန်ဆုနှင့် အားကစားထူးချွန်ဆုချီးမြှင့်ပွဲကျင်းပ

**သထုံ စက်တင်ဘာ ၂၃**

မွန်ပြည်နယ် သထုံမြို့နယ် နောင်ကုလားအလယ်ရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ခြင်းနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသားအားကစားပွဲ၌ ထူးချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို စက်တင်ဘာလ ၂၂ ရက်က ကျင်းပသည်။

ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူများက ပညာပန်းခင်းသီချင်းဖြင့် ဖျော်ဖြေပြီး နောင်ကုလားအလယ်ရွာအုပ်ချုပ်ရေးမှူး ဦးအောင်မိုးနှင့် နောင်ကုလားအလယ်ရွာ မူလတန်းလွန်ကျောင်း မိဘဆရာအသင်းအတွင်းရေးမှူး ဦးအေးချိုထွန်းတို့က အမှာစကားများပြောကြားကြသည်။

ယင်းနောက် နောင်ကုလားအလယ်ရွာ မူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန္တာလှိုင်က ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက နောင်ကုလားအလယ်ရွာမူလတန်းလွန်ကျောင်းမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် KG မှ Grade-8 အထိ ပညာရည်ချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသားအားကစားပွဲ၌ အောင်ပွဲရခဲ့သော အသင်းမှ ကျောင်းသားများ၊ အားကစားထူးချွန်ဆုရကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

အဆိုပါ ပညာရည်ချွန်ဆုချီးမြှင့်ပွဲသို့ ပညာရေးဌာနမှတာဝန်ရှိသူများ ဆရာ၊ ဆရာမများ၊ မိဘဆရာအသင်းမှ တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြကြောင်း သိရသည်။

ချမ်းမြေ

# ပြည်တောင်တန်းတောရကျောင်းများဆန်လှူအသင်း၏ (၄၄)ကြိမ်မြောက် ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပ

ပြည် စက်တင်ဘာ ၂၃

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ရွှေဟောင်းသမိုင်းဝင်လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီးရှိ ပုညကရဏလေးထပ်ဓမ္မာရုံတော်ကြီး၌ စက်တင်ဘာလ ၂၂ ရက်တွင် ပြည်တောင်တန်းတောရကျောင်းများဆန်လှူအသင်း၏ (၄၄)ကြိမ်မြောက် ဆွမ်းဆန်တော်လောင်းလှူပွဲအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ပြည်မြို့ ရွာဘဲတောင်ပေါ်ကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုမာရ အရှင်သူမြတ်ထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တက်ရောက်လာကြသူများက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆရာတော်ကြီးများထံ ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးကြသည်။



ဆက်လက်၍ ဆွမ်းဆန်တော်လောင်းလှူပွဲအားကျင်းပရာ ကြွရောက်လာကြသည့် ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တက်ရောက်လာကြသူများက ဆွမ်းဆန်၊ ဆီ၊ ပဲ၊ ဆားနှင့် နဝကမ္မအလှူငွေများ လောင်းလှူကြကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌာနချုပ်ရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## အင်းလေးဖောင်တော်ဦးပွဲ

❖ ကမ္ဘာတိုင် သတင်းမွှေး
ကန်အင်းလေး ဂုဏ်ရည်။
ရေပေါ်မှာ ရွာတည်ထား
အိမ်များစီရီ။
ဖောင်တော်ဦး ဘုရားသည်
နှစ်များရှည် ကြာပြြား။
အလောင်းစည်သူ တိုင်းခန်းလှည့်
တည်ခဲ့မှတ်သား။

❖ စကားသံ ချစ်စရာဝဲ
မေတ္တာကဲ ဖော်ရွေကာ။
အင်းအဆင်လေးတွေနဲ့
ယဉ်ကျေးပျူငှာ။
လှေများနဲ့ အမြဲသာ
ရေထဲမှာ လာသွား။
"ရေ" "လေ" "ငလျင်" ကင်းဝေးက
အင်းလေးလှများ။

❖ ဖောင်တော်ဦးဘုရားပွဲ
ကျင်းပမြဲ နှစ်စဉ်သာ။
ကိုဗစ်ဘေး သဘာဝဘေးကြောင့်
ကင်းဝေးခဲ့ကာ။
ယခုနှစ် ပွဲမဟာ
ဆင်နွှဲကာ ကျင်းပ။
ရှမ်းဗုံမောင်း နောင်ဗိန်နောင်နဲ့
ရှမ်းတောင်ပေါ် ပျော်မဆုံး
နှလုံးရွှင်ပျ။

❖ ဖောင်တော်ဦး သွားလမ်းဘေး
ရေပေါ်ဈေး ခင်းကျင်းကာ။
ရွာအမည် ရွာမ
လှပသာယာ။
အသီးအရွက်မှ ထိုထိုရာ
လိုလိုတာ အကုန်ရ။
အင်းရိုးရာ အင်းရက်ကန်း
အင်းလက်စွမ်း အင်းပုဆိုးနဲ့
အင်းပိုးထည် အင်းလွယ်အိတ်တို့
ဂုဏ်ဟိတ်မြင့်စွ။

❖ သီတင်းကျွတ် (၁) ရက်နေ့
ပွဲစ၍ ကျင်းပမြိုင်။
ကြက်ပျံမကျစည်ကား
(၁၅) ရက်တိုင်။
ကြိုတင်၍ သိရှိနိုင်
ပွဲမတိုင်မီ လာရောက်ရေး။
ပြည်မနေ မိတ်အများကို
ဖိတ်ကြားတယ်လေး။ ။

**ခင်ဖုန်းကြည်(မိုင်းပွန်)**

# ကျောင်းကုန်းမြို့နယ်၌ ဖူးစားပြောင်းများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ



ကျောင်းကုန်း စက်တင်ဘာ ၂၃

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၌ ဖူးစားပြောင်းများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ရီရီထွန်း၏ပြောဆိုချက်အရ သိရသည်။

ကျောင်းကုန်းမြို့နယ်၌ စက်တင်ဘာလဒုတိယပတ်မှစ၍ ဖူးစားပြောင်းများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဖူးစားပြောင်းများ ဝယ်လိုအားကောင်းလာခြင်းသည် ဒေသထွက်ဖူးစားပြောင်းများကို ပုသိမ်အပါအဝင် တခြားဒေသများမှ ဝယ်လိုအားကောင်းလာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ဒေသထွက်ဖူးစားပြောင်းတွေကို ဒေသဈေးကွက်အပြင် တခြားဒေသတွေကပါ အဝယ်လိုက်နေပါတယ်။ လက်ရှိမှာ ဖူးစားပြောင်းတွေ အဝယ်လိုက်နေတဲ့အပြင် ဈေးလည်းကောင်းလာပါတယ်။ ဒေသထွက်ဖူးစားပြောင်းတွေကို ရန်ကုန်ဈေးကွက်ကလည်း အဝယ်လိုက်နေပါတယ်" ဟု ဒေါ်ရီရီထွန်းကပြောသည်။

ကျောင်းကုန်းမြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများသည် ဒေသထွက်ဖူးစားပြောင်းများကိုဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ ပြန်လည်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ အဆိုပါဒေသထွက် ဖူးစားပြောင်းများသည် ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်သဖြင့် ဈေးကောင်းရရှိနေခြင်းဖြစ်ကြောင်း သိရသည်။ **သုတကျော်**

## မလှိုင်မြို့နယ် ရေထွက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

မလှိုင် စက်တင်ဘာ ၂၃

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ရေထွက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားသောလုပ်ငန်းများကို စက်တင်ဘာလ ၂၃ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် ရေထွက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းပုံစံများပြည့်စုံမှု ရှိ၊ မရှိစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရေထွက်ကျေးရွာ၌ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၄ ဦးအတွက် ငွေကျပ် ၃၂ ဒသမ ၈ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

## မအူပင်မြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော



မအူပင် စက်တင်ဘာ ၂၃

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာလ ၂၂ ရက်က နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါအသိပညာပေးဟောပြောပွဲတွင် မအူပင်မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဇော်မျိုးဌေးက မီးဘေးအန္တရာယ်ကာကွယ်နိုင်ရန် ကြိုတင်ပြင်ဆင်ရမည့်နည်းလမ်းများ၊ လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ မီးဘေးအန္တရာယ်ဖြစ်ပွားပါက အလျင်အမြန်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများ အသင့်ရှိစေရေး အသိပညာပေးဟောပြောပြီး မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်းကို သရုပ်ပြဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲသို့ မအူပင်မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

## ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ဟင်းသီးဟင်းရွက် ဧက ၄၀၀ ကျော် ခူးဆွတ်ပြီးဖြစ်

ပွင့်ဖြူ စက်တင်ဘာ ၂၃

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ဟင်းသီးဟင်းရွက်ဧက ၄၀၀ ကျော် ခူးဆွတ်ပြီးဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီက ဒေသတွင်း စားရေရိက္ခာဖူလုံစေရေးအတွက် ဟင်းသီးဟင်းရွက် ၁၈၆၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ဟင်းသီးဟင်းရွက်စိုက်ခင်းများကို ယခုနှစ်ဩဂုတ်လမှ စတင်ခူးဆွတ်ခဲ့ရာ လက်ရှိတွင် ဧက ၄၈၀ ခန့် ခူးဆွတ်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း စားရေရိက္ခာဖူလုံစေဖို့နဲ့ တောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့ ရည်ရွယ်ပြီး ဟင်းသီးဟင်းရွက် ၁၈၆၅ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ဟင်းသီးဟင်းရွက်စိုက်ခင်းတွေကို ဩဂုတ်လက စတင်ခူးဆွတ်ခဲ့တာ ဧက ၄၈၀ လောက် ခူးဆွတ်ပြီးစီးပြီဖြစ်ပါတယ်" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီက ဒေသတွင်းရှိ ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံများ အထွက်နှုန်းတိုးတက်စေရေးနှင့် အစားအစာဘေးကင်းသော အရည်အသွေးပြည့်ဝသည့် သီးနှံများ ထွက်ရှိရေးအတွက် GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး နည်းပညာသင်တန်းများ ပေးခြင်း၊ စိုက်ကေများ တိုးချဲ့စိုက်ပျိုးနိုင်ရေး မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးခြင်းနှင့် ပိုးမွှားကျရောက်မှုကင်းဝေးစေရေး နည်းပညာပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



သီးနှံများကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် တောင်သူများ ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်သီးနှံများကို ပိုမိုတိုးချဲ့စိုက်ပျိုးရန် ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# တိုးတက်အောင်မြင်တနင်္သာရီခရီးစဉ်

**အေးကျော်(ရှုပဗေဒ)**

မြန်မာနိုင်ငံဟာ သဘာဝကပေးထားတဲ့ ရာသီဥတု၊ မြေအနေအထား၊ မြစ်ချောင်းအင်းအိုင်တွေ ပေါများစွာတည်ရှိပြီး မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတအရင်းအမြစ်တွေလည်း ပေါများတာကြောင့် စိုက်ပျိုးရေးလုပ်ငန်းများနဲ့ မွေးမြူရေးလုပ်ငန်းများ ကောင်းစွာဖြစ်ထွန်းနိုင်တဲ့ နိုင်ငံဖြစ်သလို စိုက်ပျိုးရေးနဲ့ မွေးမြူရေးကိုအခြေခံတဲ့ ထွက်ကုန်၊ ထုတ်ကုန်တွေနဲ့ နိုင်ငံ့စီးပွားမြင့်မားအောင်ဆောင်ရွက်နိုင်တဲ့ အခွင့်အလမ်းများစွာလည်း ရှိနေပါတယ်။ မြန်မာနိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းခန့်ဟာလည်း ကျေးလက်ဒေသတွေမှာ နေထိုင်ကြပြီး ဒီထဲကမှ ၄၅ ဒသမ ၃ ရာခိုင်နှုန်းခန့်ဟာ လယ်ယာ၊ သား၊ ငါး၊ သစ်တောနဲ့ နီးနွယ်တဲ့အလုပ်တွေကို လုပ်ကိုင်ကြပါတယ်။



မြန်မာနိုင်ငံရဲ့ ပြည်ပပို့ကုန်ကဏ္ဍဟာ လမ်းစဉ်ပါတီခေတ်က လယ်ယာထွက်ကုန် ၅၀ ရာခိုင်နှုန်းခန့်ရှိပြီး နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့(နဝတ)ခေတ်မှာ လယ်ယာထွက်ကုန် ၃၀ ရာခိုင်နှုန်းကျော်ခန့်ရှိပါတယ်။ သစ်တောထွက်ပစ္စည်း၊ ရေထွက်နဲ့တွင်းထွက်ပစ္စည်းများတင်ပို့မှုက ပိုမိုများပြားတာကို တွေ့ရပါတယ်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(နယက)ခေတ်မှာ လယ်ယာထွက်ကုန်များကို ၂၀ ရာခိုင်နှုန်းခန့်နဲ့ ဒီမိုကရေစီအစိုးရသက်တမ်းနှစ်ခုမှာလည်း လယ်ယာထွက်ကုန်များကို ၂၀ ရာခိုင်နှုန်းပတ်ဝန်းကျင်ခန့်သာ တင်ပို့နိုင်ခဲ့ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရနဲ့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အစိုးရသက်တမ်းကာလမှာ လယ်ယာထွက်ကုန်များကို ၃၉ ရာခိုင်နှုန်းခန့် ပြန်လည်တိုးမြှင့်တင်ပို့နိုင်ခဲ့တာကို တွေ့ရှိရပါတယ်။ အဓိကစီးပွားရေးလုပ်ငန်းဖြစ်တဲ့ စိုက်ပျိုးမွေးမြူရေးကို အခြေခံတဲ့ လယ်ယာထွက်ကုန်၊ ထုတ်ကုန်ပစ္စည်းတွေကို ယခုထက်ပိုမိုတင်ပို့နိုင်ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ စိုက်ပျိုးရေးနဲ့မွေးမြူရေးကိုနည်းစနစ်တကျဆောင်ရွက်ဖို့နဲ့ ဆောင်ရွက်နေတဲ့လုပ်ငန်းတွေမှာ အောင်မြင်တိုးတက်ဖို့ နိုင်ငံတော်အစိုးရက ဦးစားပေးကာ အကောင်အထည်ဖော်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

နိုင်ငံတော်အကြီးအကဲအနေဖြင့် နိုင်ငံတော်တာဝန်စတင်ယူရချိန်ကစပြီး မြန်မာနိုင်ငံအနှံ့ ပြည်နယ်နဲ့ တိုင်းဒေသကြီးများဆီကိုသွားရောက်ပြီး လုပ်ငန်းရှင်များနဲ့တွေ့ဆုံတာတွေ၊ ဒေသအလိုက် ဌာနဆိုင်ရာဝန်ထမ်းတွေ၊ ရပ်မိရပ်ဖတွေနဲ့တွေ့ဆုံတာတွေ၊ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းတွေကို လိုက်လံကြည့်ရှုစစ်ဆေးတာတွေနဲ့ လိုအပ်တာတွေကို လမ်းညွှန်မှာကြားတာတွေအပြင် ဒေသခံတွေရဲ့ ဖြစ်သင့်ဖြစ်ထိုက်၊ ရသင့်ရထိုက်တဲ့ လိုအပ်ချက်တွေကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါတယ်။ အခုလည်းပဲ စက်တင်ဘာလ ၁၈ ရက်နဲ့ ၁၉ ရက်တွေမှာလည်း တနင်္သာရီတိုင်းဒေသကြီးရှိပြည်သူတွေရဲ့ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ထားဝယ်မြို့နဲ့မြိတ်မြို့တွေဆီသွားရောက်ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနဲ့ တွေ့ဆုံကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့ပါတယ်။

**လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး**

ဒီနေရာမှာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုတာကိုလည်း တိုတိုနဲ့လိုရင်းသိနိုင်အောင် ပြောရမယ်ဆိုရင် နိုင်ငံသူ၊ နိုင်ငံသားတိုင်း ကိုယ်စီအဆင့်အတန်းရှိရှိ စိတ်ရောကိုယ်ပါလုံခြုံမှုအပြည့်နဲ့ ကျန်းမာချမ်းသာစွာနဲ့ နေထိုင်နိုင်ဖို့ အတွက် စီးပွားရေးကဏ္ဍနဲ့ လူမှုရေးကဏ္ဍတွေကို ဟန်ချက်ညီညီမြှင့်တင်ပေးတာပဲဖြစ်ပါတယ်။ ဒါကြောင့် ဒေသတစ်ခုရဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုဖူလုံရေး၊ ကောင်းမွန်သောပတ်ဝန်းကျင်ရရှိရေး၊ လမ်းပန်းဆက်သွယ်မှုချောမွေ့လုံခြုံရေး၊ ကုန်ထုတ်လုပ်ငန်းတွေအတွက် ဈေးကွက်ကောင်းများရရှိနိုင်ရေး၊ ခရီးသွားလုပ်ငန်းလို ဝန်ဆောင်မှုလုပ်ငန်းများလည်း တိုးတက်လာစေရေး၊ ဒေသရဲ့ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းတွေဟာ ဒေသရှိလူဦးရေအားလုံးအတွက် ဖူလုံရုံသာမက ပိုလျှံတဲ့အထိ ဆောင်ရွက်နိုင်ဖို့နဲ့ အခြားစီးပွားရေးလုပ်ငန်းများမှာလည်း အောင်မြင်ဖြစ်ထွန်းရေးတို့ဟာ ဟန်ချက်ညီညီအောင်မြင်ဖို့လိုပါတယ်။

**တနင်္သာရီတိုင်းဒေသကြီး**

တနင်္သာရီတိုင်းဒေသကြီးဟာ နိုင်ငံရဲ့ တောင်ဘက်အကျဆုံးဒေသဖြစ်ပြီး အရှေ့ဘက်နယ်နိမိတ်မှာ ထိုင်းနိုင်ငံ၊ မြောက်ဘက်မှာ မွန်ပြည်နယ်၊ အနောက်ဘက်မှာ ကပ္ပလီပင်လယ်တို့က ဝိုင်းရံတည်ရှိနေပါတယ်။ တနင်္သာရီတိုင်းဒေသကြီးဟာ တိုင်းပြည်ရဲ့အထူးစီးပွားရေးဇုန်သုံးခုအနက် ထားဝယ်ရေနက်ဆိပ်ကမ်းတည်ရှိရာ ဒေသတစ်ခုလည်းဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ပုလဲများထွက်ရှိတဲ့ နေရာဒေသတစ်ခုအဖြစ် နာမည်ကောင်းလည်းရတဲ့ တိုင်းဒေသကြီးဖြစ်ပါတယ်၊ တနင်္သာရီတိုင်းဒေသကြီးရဲ့ အဓိကစီးပွားရေးလုပ်ငန်းတွေကတော့ မွေးမြူရေးလုပ်ငန်း (ငါး၊ ပုစွန်စတာတွေ)၊ စိုက်ပျိုးရေးလုပ်ငန်း (ရော်ဘာ၊ ဆီအုန်း၊ ဆန်စပါး၊ အုန်း၊ ကော်ဖီစတာတွေ) နဲ့ ခရီးသွားလုပ်ငန်းတွေပဲဖြစ်ပါတယ်၊ ဒီလိုမြေသယံဇာတ၊ ရေသယံဇာတပေါကြွယ်ဝလှတဲ့ တနင်္သာရီတိုင်းဒေသကြီးမှာ လယ်ယာစနစ်ကို ခေတ်မီနည်းစနစ်တွေနဲ့ပါပေါင်းစပ်ပြီး Agro-based Industry အဖြစ် ဒေသရဲ့စီးပွားရေးအရှိန်အဟုန်ကိုမြှင့်တင်ပေးလိုတဲ့ နိုင်ငံတော်အကြီးအကဲရဲ့စေတနာကို ဒီခရီးစဉ်မှာ အတိုင်းသားတွေ့မြင်ရပါတယ်။

**လယ်ယာကဏ္ဍ**

မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးကိုအခြေခံတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပြီး မြေဩဇာပြည့်ဝသော မြစ်ဝှမ်းဒေသများနဲ့ ကောင်းမွန်တဲ့ရာသီဥတုတို့က လယ်ယာစိုက်ပျိုးရေးကို နိုင်ငံရဲ့အဓိကကျတဲ့ စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်စေခဲ့ပါတယ်။ ကျေးလက်ဒေသရှိ လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းခန့်ဟာ လယ်ယာလုပ်ငန်းများနဲ့ တိုက်ရိုက် ဒါမှမဟုတ် သွယ်ဝိုက်ပြီး သက်ဆိုင်တဲ့အလုပ်အကိုင်များကို လုပ်ကိုင်နေကြပါတယ်။ ဒါကြောင့် လယ်ယာကဏ္ဍမြှင့်တင်ခြင်းဟာ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အဓိကကျပြီး ကျေးလက်နေပြည်သူများရဲ့ ဝင်ငွေစီးပွားတိုးတက်ကောင်းမွန်ရေးကိုလည်း အထောက်အကူပြုတဲ့အတွက် ဆင်းရဲနွမ်းပါးမှုကိုလည်း လျှော့ချပေးနိုင်မှာဖြစ်ပါတယ်။ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်တာဟာ နိုင်ငံရဲ့ စားရေရိက္ခာဖူလုံရေးနဲ့လည်း တိုက်ရိုက်အချိုးကျနေပါတယ်။ ပြည်တွင်းစားသုံးမှုအတွက် လုံလောက်သော ဆန်၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနဲ့ အသားငါးများ ထုတ်လုပ်ပေးနိုင်ခြင်းဟာ နိုင်ငံသားများရဲ့ စား၊ ဝတ်၊ နေရေးတွေထဲက ပထမအရေးအကြီးဆုံးဖြစ်တဲ့ စားရေးကို ဖြည့်တင်းပေးရာရောက်ပါတယ်။

**Agro-based Industry**

နောက်တစ်ခုအနေနဲ့ ယခုလိုမျိုး မြန်မာ့စီးပွားရေးရဲ့ကျောရိုးမဏ္ဍိုင်ဖြစ်တဲ့ လယ်ယာကဏ္ဍကို Agro-based Industry သို့ ကူးပြောင်းခြင်းပဲဖြစ်ပါတယ်။ Agro-based Industry ကို မြန်မာလို ရိုးရိုးရှင်းရှင်းပြောပြရမယ်ဆိုရင် “စိုက်ပျိုးရေးအခြေပြု စက်မှုလုပ်ငန်း” ပဲဖြစ်ပါတယ်။ Agro-based Industry ဆိုတာဟာ စိုက်ပျိုးရေးကရတဲ့ ကုန်ကြမ်း သို့မဟုတ် ထွက်ကုန်တွေကို နည်းပညာအသုံးပြုကာ တန်ဖိုးမြှင့်ထုတ်ကုန်တွေအဖြစ် ထုတ်လုပ်တဲ့လုပ်ငန်းတွေပဲဖြစ်ပါတယ်။ ဥပမာအားဖြင့် ဆန်၊ စပါး၊ သစ်သီး၊ သား၊ ငါးတွေကို ထွက်ကုန်အတိုင်းရောင်းချတာမျိုးမဟုတ်ဘဲ ဆန်စက်၊ ဆီစက်လုပ်ငန်း၊ တိရစ္ဆာန်အစာတောင့်လုပ်ငန်း၊ ဆန်နဲ့လုပ်တဲ့ မုန့်မျိုးစုံလုပ်ငန်း၊ သစ်သီးဖျော်ရည်၊ သစ်သီးယို၊ သစ်သီးခြောက်လုပ်ငန်း၊ ပုစွန်ခြောက်၊ ငါးခြောက်လုပ်ငန်း၊ စည်သွတ်ဘူးများထုတ်လုပ်တဲ့လုပ်ငန်း၊ မုန့်ပဲသရေစာလုပ်ငန်းစတာတွေကို ဆင့်ပွားလုပ်ကိုင်တာမျိုးဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးကိုအခြေခံတဲ့ နိုင်ငံဖြစ်တာနဲ့အညီ လယ်ယာကဏ္ဍဟာ နိုင်ငံရဲ့စီးပွားရေး၊ လူမှုရေးအစရှိတဲ့ ဖွံ့ဖြိုးတိုးတက်မှုအားလုံးရဲ့ အခြေခံအုတ်မြစ်ပဲဖြစ်တဲ့အတွက် ဒီကဏ္ဍကို ခေတ်မီနည်းပညာတွေနဲ့ အဆင့်မြှင့်တင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ခြင်း၊ ကျေးလက်ဒေသအတွက် စိုက်ပျိုးရေးအခြေပြုစက်မှုလုပ်ငန်းများ (Agro-based Industry) ဖွံ့ဖြိုးစေခြင်းတို့ဖြင့် စားနပ်ရိက္ခာဖူလုံစေရုံသာမက မြန်မာနိုင်ငံကထုတ်လုပ်တဲ့ ထုတ်ကုန်တွေကို ယခင်အစိုးရများလက်ထက်ကထက် ပြည်ပဈေးကွက်ကို ပိုမိုတင်ပို့နိုင်တဲ့ စီးပွားတိုးတက်တဲ့နိုင်ငံအဖြစ်ရပ်တည်နိုင်ဖို့ များစွာအထောက်အကူပြုမှာဖြစ်ပါတယ်။

**တနင်္သာရီတိုင်းဒေသကြီးထွက်ကုန်များကို အရည်အသွေးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်ရေး**

ဒေသရဲ့အဓိကစိုက်ပျိုးသီးနှံတစ်ခုဖြစ်တဲ့ **ရော်ဘာ**စိုက်ပျိုးရာမှာ ရော်ဘာစေးကုန်ကြမ်းတွေကို ပြည်ပကို ကုန်ကြမ်းအတိုင်းတင်ပို့ရောင်းချခြင်းထက်စာရင် နည်းပညာသုံးအဆင့်မြှင့်တင်ကာ အရည်အသွေးမြင့် ရော်ဘာကုန်ချောများအဖြစ်နဲ့ ကိုယ့်နိုင်ငံမှာကိုယ် ထုတ်လုပ်နိုင်မယ်ဆိုရင် ကိုယ့်နိုင်ငံတွင်းမှာလည်း ဈေးသက်သက်သာသာ ဝယ်ယူအသုံးပြုနိုင်မယ့်အပြင် ပြည်ပဈေးကွက်ကိုလည်း ဈေးနှုန်းကောင်းကောင်းနဲ့ ထိုးဖောက်နိုင်မှာဖြစ်ပါတယ်။ ရော်ဘာကိုအခြေခံတဲ့ တာယာ၊ ကျွတ်နဲ့ လူသုံးကုန်ပစ္စည်းများကိုလည်း အထက်ပါနည်းတူ အဆင့်မီအောင် ပြည်တွင်းမှာထုတ်လုပ်ပြီး ပြည်ပဈေးကွက်ရရှိအောင် ထုတ်လုပ်မယ်ဆိုရင် အကျိုးအမြတ်ပိုမိုရရှိမှာ ဖြစ်ပါတယ်။ ရော်ဘာထုတ်လုပ်မှုကွင်းဆက်မပြတ်ရေးအတွက် မျိုးကောင်းမျိုးသန့်ရော်ဘာပင်များကို ဆက်လက်စိုက်ပျိုးသွားကြဖို့လည်းလိုပါတယ်။

တနင်္သာရီတိုင်းဒေသကြီးဟာ **ငါး၊ ပုစွန်၊ ဂဏန်းနဲ့ ကျန်ရေထွက်ကုန်ပစ္စည်း**တွေကို အောင်မြင်စွာ မွေးမြူထုတ်လုပ်နိုင်တဲ့ ဒေသတစ်ခုဖြစ်တာနဲ့အညီ ဈေးကွက်ဝင်မျိုးကောင်းမျိုးသန့်များကို တင်သွင်းမွေးမြူကြရမှာဖြစ်ပါတယ်။ ဒါမှသာ ယခုလက်ရှိ အိမ်နီးချင်းနိုင်ငံတွေ လိုအပ်လျက်ရှိတဲ့ အသား၊ ငါး ဈေးကွက်ကို ဝယ်လိုအားရှိတဲ့ပမာဏအတိုင်း တင်ပို့ရောင်းချနိုင်မှာပဲဖြစ်ပါတယ်။ ဒီလိုရောင်းတမ်း ဝင်၊ ဈေးကွက်ဝင် အသားငါးတွေဖြစ်စေဖို့ မွေးမြူကြရမှာဖြစ်သလို လိုအပ်တဲ့ တိရစ္ဆာန်အစာတွေကိုလည်း ပြည်တွင်းမှာပဲ ထုတ်လုပ်နိုင်ဖို့ ကြိုးစားကြရပါမယ်။ ဒါဆိုရင် ဒေသအတွင်းကငွေဟာ ဒေသအပြင်ကိုမထွက်ဘဲ ငွေကြေးလည်ပတ်မှုကွင်းဆက်ကောင်းမွန်လာပြီး ဒေသတွင်းပြည်သူများအတွက် စီးပွားရေးများလည်း ပိုမိုကောင်းမွန်လာနိုင်ပါတယ်။

တနင်္သာရီတိုင်းဒေသကြီးဟာ **ဆန်စပါး**ကို အဓိကထားစိုက်ပျိုးတဲ့ဒေသမဟုတ်တဲ့အတွက် ၂၀၂၂ ခုနှစ်က ဆန်ဖူလုံမှု ၂၀ ရာခိုင်နှုန်းခန့်သာရှိခဲ့ပြီး နိုင်ငံတော်အကြီးအကဲ ထိုဒေသဆီရောက်ရှိချိန်မှာ

**စာမျက်နှာ ၁၂ သို့** ❑

❑ စာမျက်နှာ ၁၁ မှအဆက်

လုပ်ငန်းရှင်များက အပြည့်ပြည့်ဆိုင်ရာ ငါးလေလံဈေးဆောက်လုပ်ပေးရေးအတွက် တင်ပြခဲ့ကြဖူးပါတယ်။ ဒါပေမဲ့ နိုင်ငံတော်အကြီးအကဲက ဒီနေရာတွေဟာ လယ်မြေတွေဖြစ်နေတဲ့အပြင် ကိုယ့်ဒေသနဲ့ကိုယ် ဆန်ဖူလုံဖို့လည်း အရေးကြီးတာကြောင့် ဆန်ဖူလုံရေးကို တစိုက်မတ်မတ်ဆောင်ရွက်ဖို့ လမ်းညွှန်မှာကြားမှုတွေပြုလုပ်ခဲ့ကြောင်း မှတ်သားခဲ့ရဖူးပါတယ်။ အခု ၂၀၂၅ ခုနှစ်မှာတော့ နိုင်ငံတော်အကြီးအကဲရဲ့ အမြော်အမြင်ရှိရှိ လမ်းညွှန်မှာကြားမှုတွေကို လိုက်နာဆောင်ရွက်ခဲ့တဲ့ အသီးအပွင့်ဟာ ဒေသခံပြည်သူများ လက်တွေ့ခံစားနေရပြီလို့ဆိုနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ၂၀၂၅ ခုနှစ်မှာ တနင်္သာရီတိုင်းဒေသကြီးရဲ့ ဆန်ဖူလုံမှုဟာ ၈၀ ရာခိုင်နှုန်းထိ တိုးတက်လာတာကြောင့် ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း စိုက်ပျိုးမြေများကို အခြားနည်းသုံးစွဲခြင်းမရှိအောင်၊ ပန်းတိုင်အထွက်နှုန်းပြည့်မီအောင်နဲ့ အဲဒီကမှတစ်ဆင့် အထွက်နှုန်းကျော်လွန်အောင် **(မျိုး၊ မြေ၊ ရေ၊ နည်း)** လေးချက်ပိုင်နိုင်စွာ အောင်မြင်အောင် ဆက်လက်ကြိုးစားကြရမှာပဲဖြစ်ပါတယ်။

ဒါ့အပြင် **ကော်ဖီ၊ ကိုကိုး၊ ဒူးရင်း၊ သီဟိုဠ်၊ အုန်း၊ ဝါး၊ ကြိမ်** စတာတွေကိုလည်း ကုန်ကြမ်းအတိုင်း ရောင်းချခြင်းမျိုး မပြုလုပ်ဘဲ တန်ဖိုးမြင့်ကုန်ချောများအဖြစ် ထုတ်လုပ်ပြီး ဒေသတွင်းမှာသာမက တစ်နိုင်ငံလုံး၊ အဲဒီကမှတစ်ဆင့် ပြည်ပဈေးကွက်အထိ ကျယ်ပြန့်အောင်၊ ရောင်းတမ်းဝင်အောင်၊ Made In Myanmar ဆိုတဲ့စာတန်းနဲ့ အဆင့်အတန်းတစ်ခုရှိတဲ့ ထုတ်ကုန်တွေဖြစ်အောင်ဆောင်ရွက်ကြဖို့လိုပါတယ်။ ဥပမာ-ဝါးဆိုရင် မျှစ်အနေနဲ့၊ တူအနေနဲ့ ထုတ်လုပ်နေတာထက်ကျော်လွန်ပြီး ဝါးနဲ့ပြုလုပ်လို့ရနိုင်တဲ့ လူ့အသုံးအဆောင်ပစ္စည်းမျိုးစုံကို ထုတ်လုပ်ရောင်းချနိုင်ရမှာဖြစ်ပါတယ်။

**နိုင်ငံတော်အကြီးအကဲနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံမှု**

နိုင်ငံတော်အကြီးအကဲရဲ့ တနင်္သာရီတိုင်းဒေသကြီးခရီးစဉ်အတွင်း ဌာနဆိုင်ရာတာဝန်ရှိသူတွေ၊ မြို့မိမြို့ဖတွေနဲ့တွေ့ဆုံဆွေးနွေးရာမှာ ဒေသခံတွေအနေနဲ့ ဒေသရဲ့အဓိကစီးပွားရေးဖြစ်တဲ့ မွေးမြူရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေဖို့ ငါးလေလံဈေးနဲ့ စက်မှုဇုန်စီမံကိန်းတွေကို BOO စနစ်နဲ့ ခွင့်ပြုပေးစေလိုမှု၊ မြိတ်လေယာဉ်ကွင်းအား ပြည်ပကုန်တင်လေယာဉ်များဆင်းသက်နိုင်ရေး အဆင့်မြှင့်တင်စေလိုမှု၊ ဒေသသို့ လေယာဉ်ခရီးစဉ်များ တိုးချဲ့ပြေးဆွဲစေလိုမှု၊ ဒေသထွက်ရေထွက်ပစ္စည်းကုန်ချောများကို ပြည်ပသို့တင်ပို့ရာမှာ အခက်အခဲ၊ ကြန့်ကြာမှုမရှိဘဲ တင်ပို့နိုင်ရေးလိုအပ်တာတွေကို ဆောင်ရွက်ပေးစေလိုမှု၊ ပုစွန်သားပေါက်တွေ၊ ပုစွန်အစာတွေ လျင်မြန်စွာတင်သွင်းခွင့်ရရှိဖို့ဆောင်ရွက်ပေးစေလိုမှု၊ ဒေသထွက်ရော်ဘာကုန်ကြမ်းများ လွယ်ကူစွာတင်ပို့ရောင်းချလိုမှု၊ MSME လုပ်ငန်းများဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးစေလိုမှု၊ ဒေသတွင်းလမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေလိုမှုတို့ကို ထားဝယ်နဲ့မြိတ်ခရီးစဉ်မှာ တင်ပြခဲ့ကြပါတယ်။ ဌာနဆိုင်ရာတာဝန်ရှိသူများကလည်း တင်ပြချက်များနဲ့စပ်လျဉ်းပြီး ဖြည့်ဆည်းဆောင်ရွက်ပေးမှာဖြစ်ကြောင်း ပြန်လည်ဖြေကြားကြပါတယ်။

နိုင်ငံတော်အကြီးအကဲရဲ့ ပြန်လည်ဆွေးနွေးပြောကြားမှုအချို့ကို ထုတ်နုတ်တင်ပြရမယ်ဆိုရင် **“တနင်္သာရီတိုင်းဒေသကြီးအနေနဲ့လည်း ဒေသတွင်းကုန်ထုတ်လုပ်မှုတွေတိုးမြှင့်ပြီး ဒေသနဲ့နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြဖို့လိုကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်စေဖို့ လိုအပ်ချက်တွေဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ဖို့နဲ့ လိုအပ်တာတွေကို အပြန်အလှန်ဆွေးနွေးနိုင်ဖို့ လာရောက်ခဲ့တာဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ဖြည့်ဆည်းပေးဖို့လိုအပ်တာတွေကို ဖြည့်ဆည်းပေးသွားမှာဖြစ်သလို ဒေသခံတွေကလည်း မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း”** ပြောကြားခဲ့ပါတယ်။ မှန်ပါတယ် … ကိုယ့်ဒေသဖွံ့ဖြိုးဖို့ဆိုတာ အုပ်ချုပ်သူအစိုးရမှာလည်း တာဝန်ရှိသလို ဒေသခံတွေမှာလည်း တာဝန်အပြည့်ရှိပါတယ်။

အခုတနင်္သာရီခရီးစဉ်မှာ ဒေသခံပြည်သူတွေကလည်း သူတို့ရဲ့အုပ်ချုပ်သူအစိုးရအပေါ် ယုံကြည်အားကိုးပြီး ဒေသအကျိုးအတွက် လိုအပ်ချက်တွေကို တောင်းဆိုကြတယ်။ အုပ်ချုပ်သူအစိုးရဘက်ကလည်း သူ့ပြည်သူတွေရဲ့ လိုအပ်ချက်ကွက်လပ်တွေကို ဖြည့်ဆည်းပေးရုံတင်သာမကဘဲ ဒေသကောင်းကျိုးဖြစ်ထွန်းစေမယ့် ကဏ္ဍစုံအတွက် လိုအပ်ချက်တွေကိုပါ ဖြည့်ဆည်းပေးနိုင်ခဲ့တာကို လေ့လာတွေ့ရှိရပါတယ်။ အစိုးရနဲ့ပြည်သူအကြား ယုံကြည်မှုဟာ နိုင်ငံတစ်ခုရဲ့ အင်အားဖြစ်ပြီး ခိုင်မာတဲ့လူ့အဖွဲ့အစည်းတစ်ရပ်ရဲ့ အခြေခံအုတ်မြစ်လည်းဖြစ်ပါတယ်။ အပြန်အလှန်ယုံကြည်မှုရှိတဲ့ ဆက်ဆံရေးဟာ မင်္ဂလာရှိလှပါတယ်။

ခရီးစဉ်အတွင်းမှာ ဒေသရဲ့စိုက်ပျိုးမွေးမြူရေးကိုအခြေခံတဲ့ စီးပွားရေးလုပ်ငန်းတွေ တိုးတက်မြင့်မားလာဖို့နဲ့ ဒေသဖွံ့ဖြိုးမှုအတွက် အခြေခံလိုအပ်ချက်တွေ ဖြည့်ဆည်းနိုင်ရေးတို့ကို အပြန်အလှန်ဆွေးနွေးနိုင်ခဲ့တာကို တွေ့ရပါတယ်။ ဒါ့အပြင် နိုင်ငံတော်အကြီးအကဲဟာ ဒေသခံပြည်သူလူထုရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ဒေသရဲ့ ပကတိအနေအထားတွေနဲ့အညီ အရေးပါတဲ့ သုံးသပ်လမ်းညွှန်မှုတွေကိုလည်း ချမှတ်လမ်းညွှန်ပေးနိုင်ခဲ့ပါတယ်။

နိုင်ငံတော်အကြီးအကဲရဲ့ အခုခရီးစဉ်ဟာ တနင်္သာရီတိုင်းဒေသကြီးရဲ့ အနာဂတ်ဖွံ့ဖြိုးမှုအလားအလာများစွာကို မျှော်မှန်းကာ လမ်းညွှန်ဖော်ဆောင်ပေးနိုင်ခဲ့တဲ့ ခရီးစဉ်တစ်ခုအဖြစ်သာမက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးမှာရှိတဲ့ ဒေသအသီးသီးအတွက် သူတို့ရဲ့ အခြေခံလိုအပ်ချက်နဲ့ ဖွံ့ဖြိုးရေးမူဝါဒတွေကို လက်တွေ့ကျကျအကောင်အထည်ဖော်နိုင်ဖို့ ရှေ့ဆောင်လမ်းညွှန်ပြသနိုင်တဲ့ အောင်မြင်တဲ့ခရီးစဉ်တစ်ခုဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပါတယ်။ ။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် တနင်္သာရီတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ထားဝယ် စက်တင်ဘာ ၂၃

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်ဦးသန်းထွတ်သိန်းသည်ယမန်နေ့က တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးညှော့ခန်းမ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြတ်ကိုနှင့်တွေ့ဆုံ၍ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပရေးအတွက်ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့သည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ ညှော့ရိပ်သာခန်းမ၌ တိုင်းဒေသကြီးနှင့်ခရိုင်အတွင်းရှိ မြို့နယ်များမှ ရွေးကောက်ပွဲကော်မရှင်ရုံးဝန်ထမ်းများနှင့်တွေ့ဆုံ၍ ရွေးကောက်ပွဲလုပ်ငန်းများနှင့်စပ်လျဉ်းပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းမှာကြားသည်။



ယနေ့နံနက်ပိုင်းတွင် ကော်မရှင်အဖွဲ့ဝင်နှင့် တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့၏ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ ညှော့ရိပ်သာခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကော်မရှင်အဖွဲ့ဝင် ဦးသန်းထွတ်သိန်းက ဒီဇင်ဘာလ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်နေသည့် ဌာနဆိုင်ရာများအနေဖြင့် နယ်မြေဒေသအခြေအနေအပေါ်မူတည်၍ လုပ်ကိုင်ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးသည် သက်ဆိုင်ရာအစိုးရအဖွဲ့၊ ဝန်ကြီးဌာနများက ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ကြောင်း၊ တက်ရောက်လာသူများအနေဖြင့် လုပ်ကိုင်ဆောင်ရွက်သည့်အခါတွင် အားသာချက်၊ အားနည်းချက်အပေါ်မူတည်၍ ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ မြန်မာအီလက်ထရောနစ်မဲပေးစက်များ ကြီးကြပ်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်လှိုင်က တိုင်းဒေသကြီးအတွင်း ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြောကြားပြီး တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးထိန်လင်းဦးက ဆောင်ရွက်လျက်ရှိသည့် ရွေးကောက်ပွဲလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာသော တိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ပူးပေါင်းဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအားရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြောကြားကာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကျိုက်လတ်မြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများကို ဂုဏ်ပြုချီးမြှင့်

ကျိုက်လတ် စက်တင်ဘာ ၂၃

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း မြစန္ဒီခန်းမ၌ ယမန်နေ့က ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများနှင့် သင်ကြားပေးခဲ့ကြသည့် ဆရာ၊ ဆရာမများ၊ ခွင့်ရက်မယူသော ဆရာ၊ ဆရာမများကို ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို ကျောင်းသား၊ ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖွင့်လှစ်ခဲ့ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဦးအောင်မိုးက ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ကျောင်းသား၊ ကျောင်းသူ ၁၀၉၅ ဦး ဝင်ရောက်ဖြေဆိုခဲ့ပြီး ၄၇၂ ဦး အောင်မြင်ခဲ့သဖြင့် အောင်ချက်ရာခိုင်နှုန်း ၄၃ ဒသမ ၁၁ ရာခိုင်နှုန်းရှိကြောင်း ပြောကြားသည်။


ဆက်လက်၍ လေးဘာသာဂုဏ်ထူးရှင် သုံးဦး၊ သုံးဘာသာဂုဏ်ထူးရှင် သုံးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ကိုးဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၇ ဦးနှင့် ဂုဏ်ထူးရရှိအောင် သင်ကြားပေးကြသော ဆရာ၊ ဆရာမများ၊ ခွင့်ရက်မယူသော ဆရာ၊ ဆရာမများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး၊ အလှူရှင်များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

**လှိုင်မင်းအောင်(ပြန်/ဆက်)**


ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။



ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲနှင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲတို့ ပူးပေါင်းပြုစုသည်။
(၂၀၂၅ခုနှစ်၊ ဇွန်လ)

### ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။




- မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်- ၁၉ ရောဂါစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။
- ကိုဗစ်-၁၉ ရောဂါအား ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်း မရှိတော့ဘဲ ရာသီတုပ်ကွေး ရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက် ဖြစ်ပွား တတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။
- အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား/သေဆုံးမှုများမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် ပူးတွဲပါအချက်များကိုသတိပြုလိုက်နာဆောင်ရွက်ကြရန်လိုအပ်ပါသည်။

**စနစ်ကျစွာ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်နည်း**



ပါးစပ်နှင့်နှာခေါင်းကို လုံခြုံစွာဖုံးအုပ်ပါ။



အဖုံးပါသော အမှိုက်ပုံးထဲတွင်သာ စွန့်ပစ်ပါ။



စနစ်တကျ လက်ဆေးပါ။

### သတိပြုလိုက်နာရမည့် အချက်များ

(၁) လတ်တလောအသက်ရှူလမ်းကြောင်း ဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်းစသည့် လက္ခဏာများရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက် –


**ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။**

### ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။

(က) လူထူထပ်သောနေရာများသို့သွားခြင်းမှရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) အား စနစ်တကျ ဝတ်ဆင်ခြင်း၊



(ခ) ပါးစပ်နှင့်နှာခေါင်းစည်း ဝတ်ဆင်ထားခြင်း မရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပဝါ/ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊



(ဂ) ရောဂါလက္ခဏာပြင်းထန်ပါကနီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။



(၂) တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကိုရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင် ဆေးရည် (Hand sanitizer) ဖြင့် မကြာခဏ စနစ်တကျ ဆေးကြောခြင်း၊




(၃) ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာ ကာကွယ်ပေးသည့်အတွက် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံမှုခံယူခြင်း။






**ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်**

- အသက် ၆၀နှစ် နှင့် အထက် အသက်အရွယ်ကြီးသူများ၊
- ဆီးချိုရောဂါ၊ နှာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှုကို မဖြစ်မနေခံယူပါ။




ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။








တနင်္သာရီတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။




အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။




အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။




မွန်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

◆ **ကျောဖုံးမှအဆက်**

လိုင်စင်မရှိသည့် ရေယာဉ် (၂)စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀၀)ကို မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေအရလည်းကောင်း၊ **စက်တင်ဘာလ ၁၀ ရက်နှင့် ၁၁ ရက်**တို့တွင် မြိတ်မြို့နယ်နှင့် ကျွန်းစုမြို့နယ်အတွင်း၌ ရေယာဉ် (၂)စင်းပေါ်မှ တရားမဝင် အခြားသစ် (၃၄ ဒသမ ၈၈၂)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၅၆၃၄၀)နှင့် အဆိုပါသစ်များတင်ဆောင်လာသည့်ရေယာဉ်(၂)စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၁၀၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၄၆၆၃၄၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၂၀ ရက်**တွင် ပဲခူးခရိုင်နှင့် တောင်ငူခရိုင်တို့အတွင်း၌ တရားမဝင် အခြားသစ် (၄ ဒသမ ၂၅၀)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၈၀၅၄)** ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၁၈ ရက်**တွင်တောင်တွင်းကြီးမြို့နယ်အတွင်း၌ တရားမဝင်ကျွန်းသစ်(သုည ဒသမ ၄၄၄)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၃၈၀၈)** ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၉ ရက်မှ ၁၂ ရက်**အထိ အောင်မြေသာစံမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြင်ဦးလွင်မြို့နယ်၊ ရမည်းသင်းမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ မော်တော်ယာဉ် (၅)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဩဂုတ်လ ၃၀ ရက်**နေ့နှင့် **စက်တင်ဘာလ ၁၃ ရက်**တို့တွင် မော်လမြိုင်မြို့နယ်အတွင်း၌ မော်တော်ယာဉ် (၁၃) စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၄၂)မျိုး၊ လုပ်ငန်းသုံးပစ္စည်း(၂၅)မျိုး၊ စားသောက်ကုန်ပစ္စည်း (၁၄)မျိုး၊ စိုက်ပျိုးရေးသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉၁၉၃၇၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် King Long Mini Bus (၁)စီး၊ Toyota Corolla Fielder (၃)စီး၊ Nissan AD Van (၁)စီး၊ Toyota Probox (၂)စီး၊ Mitsubishi Fuso Tractor Head (၃)စီး၊ Man Tractor Head (၁)စီး၊ Nissan Diesel Tractor Head(၂)စီးနှင့် နောက်တွဲယာဉ် (၆)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၀၀၀၀၀၀၀)၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၇၁၉၃၇၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၂၁ ရက်**နေ့တွင် ဟိုပုံးမြို့နယ်အတွင်း၌ မော်တော်ယာဉ်(၃)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁၂)မျိုး၊ လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၂၂၅၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Hiace (၁)စီး၊ Yutong Mini Bus (၁)စီး၊ Yutong Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ တာကော်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁)မျိုး၊ လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၄၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Dyna Light Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၃၆၂၅၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၂၁ ရက်**တွင် မုတ္တမဆိပ်ကမ်း (လှိုင်သာယာ)၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ဆိုက်ကပ်လာသည့်ရေယာဉ်(၁)စင်းပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၄၇)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၁၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၆၀၆၈၉၁၆၈)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့်MV.Marina–7ရေယာဉ်(၁)စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၄၀၆၈၉၁၆၈)** ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ်လ ၃၀ ရက်နှင့် စက်တင်ဘာလ ၆ ရက်မှ ၂၁ ရက်အထိ ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၆၈)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၉၅၆၁၉၃၇၀)**ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့်အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

မြဝတီ

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”**အစီအစဉ်မှ **“လူ့အခွင့်အရေးအတွက်၊ ဒီမိုကရေစီအတွက် လုပ်နေပါတယ်ဆိုသော အကြမ်းဖက် PDF များ အင်အားနည်းလာပြီဖြစ်သောကြောင့် အသက်မပြည့်သေးသော စာသင်အရွယ်ကလေးငယ်များကို ခြိမ်းခြောက်၍ အတင်းအဓမ္မလူသစ်စုနေ”**ခေါင်းစဉ်ဖြင့် ၂၄-၉-၂၀၂၅ ရက်**(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ဒလန်စွပ်စွဲလူသတ်နှိပ်စက်နေတဲ့ TNLA၊ PDF အကြမ်းဖက်တွေရဲ့လက်အောက်မှာ ပြည်သူတွေရဲ့အသက်အိုးအိမ်များစတေးခံနေရ”**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့်ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၃**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**

## (၂၃-၉-၂၀၂၅) ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)


သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်) ၏ဈေးနှုန်းမှာ (၅,၉၉၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

⇨ **တိုင်ဖွန်းမုန်တိုင်းမှ**

အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး စက်တင်ဘာလ ၂၄ ရက်တွင် တရုတ်နိုင်ငံတောင်ပိုင်း ကမ်းရိုးတန်းဒေသများကို ဖြတ်ကျော်ဝင်ရောက်နိုင်သည်။ ထို့မှတစ်ဆင့် စက်တင်ဘာလ ၂၅ ရက်တွင် ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ကမ်းခြေဒေသများကို အပူပိုင်းမုန်တိုင်းအဖြစ်ဖြင့် ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ **(မိုး/ဇလ)**

**Japan Meteorological Agency (JMA) မှ တိုင်ဖွန်းမုန်တိုင်း“ရာဂါဆာ”(RAGASA) လမ်းကြောင်းပြပုံ**




# မွန်ပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများသို့ ထောက်ပံ့ငွေများပေးအပ်

မော်လမြိုင် စက်တင်ဘာ ၂၃

မွန်ပြည်နယ်အတွင်းရှိစေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသို့ ထောက်ပံ့ကြေးငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်ပြည်နယ်အစိုးရအဖွဲ့ရုံး ရာမညခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ တက်ရောက်သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက အမှာစကားပြောကြားပြီး လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာသုံးခု၊ အမျိုးသမီးဂေဟာတစ်ခုတို့အတွက်ငွေကျပ် ၆၆ ဒသမ ၂၈ သန်း၊ ဘိုးဘွားရိပ်သာလေးခုတို့အတွက် ငွေကျပ် ၁၃ ဒသမ ၂၆၀ သန်း၊ ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်း ၈၆ ကျောင်းအတွက် ငွေကျပ် ၉၁ ဒသမ ၁၆၀ သန်းနှင့် လူငယ်ရိပ်သာတစ်ခုအတွက် ငွေကျပ် တစ်သိန်းတို့ကို ထောက်ပံ့ပေးအပ်ရာ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ယင်းနောက် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများကိုယ်စား တောင်ဝိုင်းဘိုးဘွားရိပ်သာမှ အတွင်းရေးမှူးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၃/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအပေါ် ပြည်နယ်၏ဖွံ့ဖြိုးမှု၊ နိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုကဏ္ဍများကိုရှေးရှုပြီး ကြုံတွေ့ရသည့်အခက်ခဲများကို မိမိတို့ဘက်မှ တတ်စွမ်းသမျှဖြည့်ဆည်းအကြံပြုဆွေးနွေးပေးကြစေလိုကြောင်း၊ MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာနိုင်စေရေးအတွက် ရင်းနှီးမြှုပ်နှံသူများ၏အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းကူညီဆောင်ရွက်ပေးကြရန်ပြောကြားသည်။

ထို့နောက် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူးက ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်စပ်လျဉ်းပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုချက်တင်ပြလာသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက်ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး၍ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

## ရေကြီးခြင်းသတိပေးချက်

နေပြည်တော် စက်တင်ဘာ ၂၃

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၂ ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။


သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

■ **ကျောဖုံးမှအဆက်**

ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင်ဖြစ်ပေါ်နေသည့်လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း ယနေ့ညနေမှ စက်တင်ဘာလ ၂၇ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း) တို့တွင် နေရာစိပ်စိပ်မှနေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့်နေရာကွက်၍ မိုးကြီးနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၃-၉-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၆-၉-၂၀၂၅ ရက်နေ့မှ ၂၇-၉-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




# ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုက်စညီနိုဂိုရပ်ဖ်မြို့၌ကျင်းပသည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့လူငယ်ပွဲတော်ညီလာခံသို့ ဒုတိယဝန်ကြီး ဦးဇင်မင်းထက် တက်ရောက်

ရန်ကုန် စက်တင်ဘာ ၂၃




မြန်မာနိုင်ငံ လူငယ်ရေးရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက် ဦးဆောင်သည့် မြန်မာလူငယ်ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာလ ၁၇ ရက်မှ ၂၁ ရက်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုက်စညီနိုဂိုရပ်ဖ်မြို့၌ကျင်းပခဲ့သည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့လူငယ်ပွဲတော်ညီလာခံသို့တက်ရောက်ခဲ့သည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စက်တင်ဘာလ ၁၇ ရက် နံနက်ပိုင်းတွင် Nizhny Novgorod Fair ခန်းမ၌ကျင်းပသည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့လူငယ်ပွဲတော်ညီလာခံဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ခဲ့ပြီး ကမ္ဘာတစ်ဝန်းလုံးရှိ လူငယ်များနှင့်တွေ့ဆုံနှုတ်ဆက်ကာ စက်တင်ဘာလ ၁၈ ရက်တွင် နိုင်ငံတကာရှိ လူငယ်များ၏မီဒီယာကဏ္ဍ၊ စက်မှုတီထွင်နိုင်စွမ်းကဏ္ဍ၊ ပြည်သူ့ရေးရာ စီမံအုပ်ချုပ်မှုကဏ္ဍ၊ ပညာရေးနှင့်သိပ္ပံကဏ္ဍ၊ စွန့်ဦးတီထွင်မှုကဏ္ဍ၊ အားကစားကဏ္ဍနှင့် သတင်းအချက်အလက်နည်းပညာကဏ္ဍများတွင် ကဏ္ဍအလိုက်လှုပ်ရှားဆောင်ရွက်မှုများကို လိုက်လံကြည့်ရှုလေ့လာခဲ့ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ရုရှားနိုင်ငံမှတာဝန်ရှိသူများနှင့်အတူ Nizhny Novgorod Fair တွင်ကျင်းပသည့် လူငယ်များ၏ စကားဝိုင်းအခမ်းအနားအစီအစဉ်သို့ တက်ရောက်ခဲ့ပြီး စကားဝိုင်း အခမ်းအနား၌ မြန်မာနိုင်ငံလူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဆွေးနွေးရာ နိုင်ငံတကာမှ လူငယ်အဖွဲ့အစည်းများ၊ အစိုးရဌာနများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများက မြန်မာလူငယ်များအနေဖြင့် အာဆီယံနှင့် နိုင်ငံတကာလူငယ်အစီအစဉ်များ၊ ပြိုင်ပွဲများနှင့် ဆွေးနွေးပွဲများတွင် တက်ရောက်နိုင်ရေးအတွက် အခွင့်အလမ်းများကို ပူးပေါင်းဖန်တီးဖော်ဆောင်ပေးလျက်ရှိကြောင်း၊ လူငယ်များ၏ စွမ်းဆောင်ရည်မြင့်မားစေရန်နှင့် ကိုယ်ပိုင်အတွေးအခေါ်များ တိုးတက်လာစေရန် ရည်ရွယ်၍ လူငယ်စကားဝိုင်းအစီအစဉ်များ၊ လူမှုအကျိုးပြု စေတနာ့ဝန်ထမ်းလုပ်ငန်းအစီအစဉ်များကိုပါ ထည့်သွင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မသန်စွမ်းလူငယ်များအပါအဝင် လူငယ်များအား နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာပါဝင်နိုင်စေရန်အတွက် တိုက်တွန်းအားပေးဆောင်ရွက်လျက်ရှိပြီး အရည်အသွေးပြည့်ဝသည့် ပညာရေးစနစ်၊ အလုပ်အကိုင်အခွင့်အလမ်း၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အားကစားနှင့်အပန်းဖြေမှု၊ ပြည်သူ့အကျိုးပြုလုပ်ငန်းနှင့် နိုင်ငံ့သားကောင်းဖြစ်မှု၊ ကျား/မ တန်းတူညီမျှမှုနှင့် လူ့အခွင့်အရေး အစရှိသည့် ကဏ္ဍစုံများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးခဲ့သည်။

အဆိုပါ ကမ္ဘာ့လူငယ်ပွဲတော်ညီလာခံအခမ်းအနားသို့ ကမ္ဘာ့နိုင်ငံပေါင်း ၁၂၀ မှ လူငယ်ကိုယ်စားလှယ် ၂၀၀၀ ကျော် ပါဝင်တက်ရောက်ခဲ့ကြသည်။

ဒုတိယဝန်ကြီးသည် စက်တင်ဘာလ ၁၉ ရက် ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ Egor LITVINENKO, Deputy Head of the Federal Agency for youth Affairs နှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံအနေဖြင့် လူငယ်ကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဘက်ဘက်မှ ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများနှင့်ပတ်သက်ပြီး ဆွေးနွေးပြောကြားရာ ရုရှားနိုင်ငံမှ Egor LITVINENKO, Deputy Head of the Federal Agency for youth Affairs ကလည်း လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် မိမိတို့နိုင်ငံအနေဖြင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းကူညီဆောင်ရွက်ပေးသွားမည်ဟုပြောကြားခဲ့ကြောင်းသိရသည်။

**မြဝတီ**

# ကမ်းလွန်ရေနံအခြေစိုက်စခန်း (သာကေတ)သို့ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း သွားရောက်ကြည့်ရှုစစ်ဆေး



နေပြည်တော် စက်တင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအောက်ရှိ ကမ်းလွန်ရေနံအခြေစိုက်စခန်း(သာကေတ)ကို လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းသည် ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ကမ်းလွန်ရေနံအခြေစိုက်စခန်း (သာကေတ) အစည်းအဝေးခန်းမ၌ စွမ်းအင်ဝန်ကြီးဌာန ကမ်းလွန်ရေနံအခြေစိုက်စခန်း အထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူများက ကုန်းတွင်းနှင့် ကမ်းလွန်ရေနံမြေများ၏ လက်ရှိဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ ရေနံတွင်းသစ်များနေရာသတ်မှတ်နိုင်ရေး တိုင်းတာရရှိသော ဆိုက်စမစ်အချက်အလက်များကို ဘူမိရူပဆန်းစစ်အကဲဖြတ်ခြင်း ဆောင်ရွက်နေမှုနှင့် ကမ်းလွန်ရေနံအခြေစိုက်စခန်း၏ လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက စွမ်းအင်ကဏ္ဍသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသလို ပြည်သူများ၏ နေ့စဉ်လူနေမှုဘဝအဆင့်အတန်းမြင့်မားရေးအတွက် များစွာအကျိုးသက်ရောက်မှုရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် စွမ်းအင်အရင်းအမြစ်အမျိုးမျိုးကို အသုံးပြုလျက်ရှိသော်လည်း နိုင်ငံတော်၏ စွမ်းအင်သုံးစွဲမှုအချိုး (Energy Mix) တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့သည် အရေးပါသည့်အခန်းကဏ္ဍတွင်ရှိနေကြောင်း၊ ထို့အတူ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးအတွက် ရေအားနှင့် သဘာဝဓာတ်ငွေ့များကို အဓိကအသုံးပြုနေရကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ပြည့်မီအောင်ဖြည့်ဆည်းပေးနိုင်ရေးအတွက် စွမ်းအင်ကဏ္ဍ၊ တစ်နည်းအားဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ရတနာ၊ ဇောတိက၊ ရဲတံခွန်နှင့် ရွှေကမ်းလွန်သဘာဝဓာတ်ငွေ့စီမံကိန်းကြီး လေးခုတို့မှ သဘာဝဓာတ်ငွေ့များထုတ်လုပ်၍ အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေသည့်အပြင် ပြည်တွင်းသုံးအဖြစ် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများ၊ CNG သုံးမော်တော်ယာဉ်များ၊ စက်ရုံအလုပ်ရုံများအတွက်လည်း သဘာဝဓာတ်ငွေ့များဖြန့်ဖြူးပေးလျက်ရှိသဖြင့် နိုင်ငံတော်အတွက် လွန်စွာအရေးကြီးသည့် စီမံကိန်းကြီးများဖြစ်ကြောင်း။

သို့ရာတွင် အဆိုပါစီမံကိန်းကြီးများသည် သက်တမ်းကာလအားဖြင့် ကြာမြင့်နေပြီဖြစ်သည့်အတွက် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုမှာ တဖြည်းဖြည်းလျော့နည်းလာပြီဖြစ်သဖြင့် စီမံကိန်းအသစ်များ ရှာဖွေတူးဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်းတွင်းနှင့်ကမ်းလွန်လုပ်ကွက်များတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေထုတ်လုပ်နိုင်ရန် နိုင်ငံတကာစွမ်းအင်ကုမ္ပဏီများအား လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး ဖိတ်ခေါ်ဆောင်ရွက်ကြရန်လိုကြောင်း၊ ရေနံတွင်းသစ်များနေရာသတ်မှတ်နိုင်ရေး တိုင်းတာရရှိခဲ့သော ဆိုက်စမစ်အချက်အလက်များ ဘူမိရူပဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းကို သတ်မှတ်ချိန်အတွင်းပြီးစီးအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ပုဂ္ဂလိကရေနံတူးဖော်ခြင်းလုပ်ငန်းများအား နည်းစနစ်တကျလုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် ရေနံလက်ယက်တွင်းလုပ်ငန်းများအစား နည်းစနစ်ကျတွင်း (Standard Well) များဖြစ်ပေါ်လာစေရေး အလေးထားဆောင်ရွက်သွားရန်လိုကြောင်း၊ ကမ်းလွန်ရေနံအခြေစိုက်စခန်း(သာကေတ)သည် စွမ်းအင်ဝန်ကြီးဌာန၏ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသုံးပစ္စည်းများအား လက်ခံသိုလှောင်၍ ကုန်းတွင်း၊ ကမ်းလွန်လုပ်ငန်းများအတွက် ထောက်ပံ့ပို့ဆောင်ဖြန့်ဖြူးပေးနေသည့် အရေးပါသော ထောက်ပံ့ရေးစခန်းတစ်ခုဖြစ်သဖြင့် ပစ္စည်းများစနစ်တကျသိုလှောင်သိမ်းဆည်းရန်၊ မီးဘေးလုံခြုံရေးနှင့် စခန်းလုံခြုံရေးအတွက် အလေးထားဆောင်ရွက်ကြစေလိုကြောင်း မှာကြားပြီး ကမ်းလွန်ရေနံအခြေစိုက်စခန်းရှိ ဝန်ထမ်းများအတွက် အမှတ်တရသစ်သီးခြင်းကိုပေးအပ်သည်။

ထို့နောက် ကမ်းလွန်ရေနံအခြေစိုက်စခန်း (သာကေတ)အတွင်းရှိ ဂိုဒေါင်များအတွင်း ပစ္စည်းများထိန်းသိမ်းထားရှိမှု၊ တွင်းထိန်းဘိလပ်မြေဓာတ်ခွဲစမ်းသပ်ခန်းအတွင်း သတ်မှတ်စံနှုန်းနှင့်အညီ တွင်းထိန်းဘိလပ်မြေ အဆင့်ဆင့် စမ်းသပ်ဆောင်ရွက်နေမှု၊ ရေလုံသင်္ဘောကျင်းတွင် သင်္ဘောများ လွန်းတင်ပြင်ဆင်နေမှု၊ သာကေတဆိပ်ခံတံတားလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ လုပ်ငန်းဆိုင်ရာတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ကမ်းလွန်၊ လုပ်ကွက်များသို့ လိုအပ်သည့်ပစ္စည်းများ ပို့ဆောင်ပေးရာတွင် အချိန်မီရောက်ရှိစေရေး ဆောင်ရွက်ကြရန်၊ သင်္ဘောများကို လွန်းတင်ပြင်ဆင်ခြင်းလုပ်ငန်းဇယားရေးဆွဲ၍ ပြုပြင်ရေး အလေးထားဆောင်ရွက်ကြရန်နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် စံသတ်မှတ်ချက်များနှင့်အညီ တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်းသိရသည်။

**မြဝတီ**

# သတင်းအချက်အလက်နှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ သင်တန်းဖွင့်လှစ်






နေပြည်တော် စက်တင်ဘာ ၂၃

ပြည်ထောင်စုရာထူးဝန်အဖွဲ့မှဆောင်ရွက်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများဆိုင်ရာ အီလက်ထရောနစ်ပေါင်းစည်းစနစ်၏ သတင်းအချက်အလက်နှင့်ဆိုက်ဘာလုံခြုံရေးအတွက် စနစ်တာဝန်ခံများ၊ Admin နှင့် User / Operator Level ဝန်ထမ်းများအား လုံခြုံရေးဆိုင်ရာအသိပညာများ၊ ကြိုတင်ကာကွယ်ရေးနည်းလမ်းများနှင့် ဗဟုသုတများရရှိစေရန်ရည်ရွယ်၍ သတင်းအချက်အလက်နှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ရုံးအမှတ်(၁၇) စုပေါင်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းဦး၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးဆန်းမြင့်၊ ဒေါ်ခင်မျိုးမြင့်၊ ဦးရဲနိုင်၊ ဦးစိုးတင့်၊ ဦးကျော်မျိုးထွဋ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သင်တန်းနည်းပြများ၊ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမင်းဦးက သင်တန်းဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ခေတ် သတင်းနည်းပညာသည် အရှိန်အဟုန်ဖြင့် တိုးတက်နေကြောင်း၊ သတင်းနည်းပညာကို အကျိုးရှိရှိ အသုံးပြုနိုင်ခြင်းကြောင့် တိကျမှန်ကန်မြန်ဆန်သော ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို များစွာအထောက်အကူပြုသည့် အကျိုးကျေးဇူးများခံစားရသကဲ့သို့ တစ်ဖက်တွင်လည်း ဆိုက်ဘာတိုက်ခိုက်မှုအန္တရာယ်ကိုလည်း ကြုံတွေ့ရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာတွင် ဆိုက်ဘာခြိမ်းခြောက်တိုက်ခိုက်မှုများကာကွယ်ရန်နှင့် တုံ့ပြန်ဆောင်ရွက်နိုင်ရန် စည်းမျဉ်းစည်းကမ်းချမှတ်ခြင်း၊ နည်းပညာကျွမ်းကျင်သော လူ့စွမ်းအားအရင်းအမြစ်များပြုစုပျိုးထောင်ခြင်းများကို ဆောင်ရွက်နေသကဲ့သို့ တစ်ဖက်ကလည်း ဥပဒေမူဝါဒ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို နိုင်ငံအလိုက် ပြဋ္ဌာန်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဖွင့်လှစ်သော သင်တန်းတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ သက်ဆိုင်ရာ သတင်းနည်းပညာဌာနများနှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများက ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း၊ သင်တန်းကာလအတွင်း သင်ကြားသည့်အချိန်တွင် စိတ်ဝင်တစားကြိုးစားသင်ယူကြရန်နှင့် တက်ကြွစွာ အပြန်အလှန် ဆွေးနွေးကြရန်လိုကြောင်း မှာကြားသည်။ အဆိုပါ သင်တန်းကို ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ စနစ်တာဝန်ခံနှင့် Admin / User Level သင်တန်းသား ၃၀ ဦးဖြင့် စက်တင်ဘာလ ၂၃ ရက်မှ ၂၆ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**မြဝတီ**

# လေဖိအားနည်းရပ်ဝန်း နောက် ၂၄ နာရီအတွင်း အားလျော့သွားနိုင်

နေပြည်တော် စက်တင်ဘာ ၂၃

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အနောက်ဘင်္ဂလားပြည်နယ် ကမ်းရိုးတန်း-ဩရိဿပြည်နယ်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area) သည် အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိဿပြည်နယ်မြောက်ပိုင်းကမ်းရိုးတန်းနှင့် ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းသို့ ရောက်ရှိခဲ့ပြီး နောက် ၂၄ နာရီအတွင်း အားလျော့သွားနိုင်သည်ဟုခန့်မှန်းရသည်။

(မိုး/ဇလ)

# တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ စုံညီအစည်းအဝေးကျင်းပ




နေပြည်တော် စက်တင်ဘာ ၂၃

တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့၏ (၁/၂၀၂၅)ကြိမ်မြောက် စုံညီအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စုဝေးဆောင်ခန်းမ၌ကျင်းပရာ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၃) ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်တင့်၊ ဦးဆောင်အဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ ပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Virtual စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဦးဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူများ၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေးထုတ်ကုန်များကို ထိရောက်စွာမြှင့်တင်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ဦးဆောင်အဖွဲ့အနေဖြင့်ဥပဒေ၏အခန်း(၃)၊ ပုဒ်မ ၅ တွင်ပြဋ္ဌာန်းထားသော ဦးဆောင်အဖွဲ့၏ လုပ်ငန်းတာဝန်များအတိုင်း တောင်သူများသီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် လွတ်လပ်စွာ စိုက်ပျိုးဆောင်ရွက်နိုင်စေရေး၊ သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် လိုအပ်သောအရင်းအနှီးငွေကြေး၊ နည်းပညာများကို အချိန်နှင့်တစ်ပြေးညီ ကူညီပံ့ပိုးပေးနိုင်ရေး၊ ပိုးသတ်ဆေး၊ မြေဩဇာ၊ မျိုးများကို အရည်အသွေးမီသုံးစွဲနိုင်စေရေး၊ သီးနှံဈေးနှုန်းဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များကို တောင်သူများထံ အချိန်မီ ရောက်ရှိစေရေး၊ လယ်ယာထုတ်ကုန်များကို သင့်တင့်မျှတသည့် ဈေးနှုန်းရရှိစေရေး၊ ကုန်သွယ်ဖက်နိုင်ငံများမှ တင်သွင်းခွင့် ခွဲတမ်းများ စဉ်ဆက်မပြတ်ရရှိစေရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့်ပေါင်းစပ်ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဝိုင်းဝန်းဆွေးနွေးပေးကြရန်တိုက်တွန်းပြောကြားသည်။

ထို့နောက် ဦးဆောင်အဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ဦးဆောင်အဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် (၁/၂၀၂၃)အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ နေကြာသီးနှံတိုးချဲ့စိုက်ပျိုးရေး၊ ဝါ၊ ရော်ဘာ၊ ဆီအုန်းသီးနှံများ အထွက်နှုန်းတိုးတက်ရေးအပါအဝင် ကိုကိုး၊ ကော်ဖီတိုးချဲ့စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးဆောင်အဖွဲ့ အဖွဲ့ဝင်ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များနှင့် တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ယနေ့အစည်းအဝေးတွင် သီးနှံများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေး၊ ပြည်ပပို့ကုန်ဈေးကွက်ဝင်သီးနှံများ ပိုမိုတင်ပို့နိုင်ရေးနှင့် အရည်အသွေးကောင်းမွန်စေရေးတို့အတွက် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ (Good Agriculture Practices-GAP) စံချိန်စံညွှန်းများနှင့်အညီ တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရေးတို့ကို ဆွေးနွေးကြကြောင်း သိရသည်။

မြဝတီ

# မြန်မာနိုင်ငံတွင် စွမ်းအားမြှင့်မီးဖိုများဖြန့်ဖြူးခြင်းစီမံကိန်း (ICSP)၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ကျေးရွာ ၂၆ ရွာ ရန်ပုံငွေထောက်ပံ့ပေးအပ်

နေပြည်တော် စက်တင်ဘာ ၂၃

မြန်မာနိုင်ငံတွင် စွမ်းအားမြှင့်မီးဖိုများဖြန့်ဖြူးခြင်းစီမံကိန်းမှရရှိသော ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကျေးရွာ ၂၆ ရွာကိုရွေးချယ်ပြီး ရန်ပုံငွေများထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ယနေ့တွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း AERDTC ခန်းမ၌ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာခေါင်းဆောင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်း စံပြကျေးရွာ ဆောင်ရွက်ကြသည့် ကျေးရွာခေါင်းဆောင်များက မိမိတို့ကျေးရွာဖွံ့ဖြိုးတိုးတက်စေရန် စီမံကိန်းတွင် ရွာသူ ရွာသားများ တက်တက်ကြွကြွပါဝင်အောင် စည်းရုံးနိုင်သော ခေါင်းဆောင်ကောင်းများဖြစ်အောင်ကြိုးစားအားထုတ်ကြရန်လိုကြောင်း၊ “ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏အခြေခံဖြစ်သည်” ဆိုသော ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်း၏ လက်စွဲဆောင်ပုဒ်နှင့်အညီ မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံအတွင်းရှိ ကျေးရွာများအားလုံး ဖွံ့ဖြိုးတိုးတက်အောင် အတူလက်တွဲ၍ ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။




အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာရဲတင့်ထွန်းက ကျေးရွာသစ်လှုပ်ရှားမှု စံပြကျေးရွာများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များအား တင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စီမံကိန်းဒေသများဖြစ်သည့် ပဲခူး၊ မကွေး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်ရှိ ကျေးရွာ၂၆ ရွာအတွက် ရန်ပုံငွေများထောက်ပံ့ပေးအပ်ပြီး ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က သင်တန်းထောက်ပံ့ပစ္စည်းများပေးအပ်ရာ ကျေးရွာခေါင်းဆောင်တစ်ဦးစီက လက်ခံရယူကြသည်။

ယနေ့အခမ်းအနားတွင် တိုင်းဒေသကြီး/ပြည်နယ်ငါးခုရှိ ကျေးရွာ ၂၆ ရွာမှ ကျေးရွာသစ်လှုပ်ရှားမှုစံပြကျေးရွာစီမံကိန်းအဖြစ် အကောင်အထည်ဖော်ရန် ထောက်ပံ့ခြင်းဖြစ်ပြီး စီမံကိန်းကျေးရွာများဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများလျာထား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အားနည်းချက်များမရှိစေရန်၊ ငွေစာရင်းလုပ်ထုံးလုပ်နည်း လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာသင်တန်းကိုလည်း တစ်ပါတည်းပို့ချပေးပြီးဖြစ်ကြောင်း သိရသည်။

မြဝတီ

# မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ နာယကကြီးများနှင့်ဗဟိုကော်မတီဝင်များ တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း တက်ရောက်




နေပြည်တော် စက်တင်ဘာ ၂၃

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ နာယကကြီးများနှင့် ဗဟိုကော်မတီဝင်များ တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀)မှ Virtual စနစ်ဖြင့် ပါဝင်တက်ရောက်ပြီး မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ရုံး၌ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ နာယကကြီးများ၊ ဗဟိုကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်လျင်မြန်စွာဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုလုပ်ငန်းများထွန်းကားရန် အရေးကြီးပြီး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများတိုးတက်စေရေးအတွက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် အနေဖြင့် ဘက်ပေါင်းစုံမှ ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း၊ ထုတ်ကုန်ပစ္စည်းများ အရည်အသွေးတိုးတက်ကောင်းမွန်စေရေး၊ ထုတ်လုပ်မှုလုပ်ငန်းစဉ်များ ပိုမိုထိရောက်စေရေး၊ ထုတ်လုပ်မှုစရိတ်များလျှော့ချနိုင်ရေး၊ စွမ်းအင်ချွေတာသုံးစွဲနိုင်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည်တို့ကို နည်းလမ်းရှာဖွေ၍ ပူးပေါင်းပါဝင်မြှင့်တင်ဆောင်ရွက်စေလိုကြောင်း။

ထို့ပြင် ပြည်သူများအလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဖန်တီးပေးခြင်း၊ နည်းပညာများရရှိအောင် စီမံပေးခြင်းတို့ကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အင်ဂျင်နီယာပညာရပ်များဖြင့် ပြည်သူတို့၏အသက်အိုးအိမ်စည်းစိမ်ကာကွယ်ခြင်းလုပ်ငန်းများကို ယခုထက်ပိုမိုပြုလုပ်ပေးနိုင်ရေး ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နာယကကြီးများ၊ ဗဟိုကော်မတီအဖွဲ့ဝင်များ၊ အလုပ်အမှုဆောင်များက မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် ရေရှည်လည်ပတ်ရပ်တည်နိုင်ရေးအတွက် ဆောင်ရွက်သင့်သည့်အချက်များ၊ အသင်းချုပ်၌ လူငယ်မျိုးဆက်သစ်အင်ဂျင်နီယာများပါဝင်ဖွဲ့စည်းရေး၊ အင်ဂျင်နီယာပညာရပ်များဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင်ပါဝင်ဆောင်ရွက်ရေး၊ အသိပညာဆွေးနွေးပွဲများ ကျယ်ကျယ်ပြန့်ပြန့်ကျင်းပရေးကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းကြပြီး မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သိရသည်။

မြဝတီ

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing will pay a working visit to Russian Federation at the invitation of President Mr. Vladimir Putin

NAY PYI TAW September 23

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing will pay a working visit to Russian Federation in the near future to attend the World Atomic Week 2025 to be held in Moscow, Russian Federation at the invitation of President of Russian Federation Mr. Vladimir Putin.

During the working visit,Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing will attend the World Atomic Week 2025, hold talks with President of Russian Federation Mr. Vladimir Putin and other Russian officials, and will strive for further promotion of strategic cooperation in multiple sectors including friendship, economy, security affairs between the governments and peoples of the two countries.

**100**

## More than 11,000 acres of green gram grown in Myinmu Township this year

MYINMU September 23

Local farmers planted 11,155 acres of green gram in Myinmu Township of Sagaing Region this year, according to Sagaing District Agriculture Department.

For the 2025–2026 monsoon crop season, a plan was made to cultivate 16,609 acres of green gram in Myinmu Township. Planting began in May this year, and as of now, 11,155 acres have already been cultivated.

Daw Thida Lwin, Head of the Sagaing District Department of Agriculture, said: "This year, more than 16,000 acres of green gram are planned for cultivation in Myinmu Township. So far, over 11,000 acres have been planted. Efforts are being made to meet the full target. Farmers are also being educated on expanding cultivation areas and on using quality and pure seeds to achieve good yields."



It is reported that the Myinmu Township Department of Agriculture is providing farmers with guidance on using quality seeds suited to local conditions, ensuring seed purity, applying correct cultivation methods, preventing pest infestations, and using fertilizers systematically to improve yields.

During this year's monsoon crop season, in cultivating various pulses, the Department of Agriculture is working together with farmers to promote higher yields and better quality. This includes the provision of good-quality pure seeds, inputs, and post-harvest technologies.

**SK**

## Over 5,600 acres of maize and sweet corns planted in KhinU Township

KHINU September 23

According to KhinU Township Agriculture Department, local farmers planted 5,600 acres of maize and sweet corns in KhinU Township of Sagaing Region this year.

Local authorities earmarked cultivation of 1,005 acres of maize and 5,491 acres of sweet corns in KhinU Township in 2025-2026 monsoon season this year. But farmers planted 176 acres of maize and 5,424 acres of sweet corns, totalling 5,600 acres.

"This year, during the monsoon crop season, KhinU Township has planned to cultivate over 6,000 acres of maize and sweet corn. So far, more than 5,000 acres have already been planted. Efforts are being made to ensure the full target is achieved," said U Nay Win Naing, Head of the KhinU Township Department of Agriculture.

It is reported that in KhinU Township, the Department of Agriculture is providing training courses and field demonstrations for maize and sweet corn farmers, as well as preventive measures against fall armyworm. Farmers are also being given guidance on integrated pest management, including the use of neem-based pesticides and proper use of pesticides for ginger and chili pests.

In KhinU Township, maize seed production yields more than 50 baskets per acre, with an estimated cultivation cost of around Ks-500,000 per acre. For sweet corn, yields average 15,000 ears per acre, with cultivation costs exceeding Ks-500,000 per acre.

**SMK**

## Kalay Township to grow more than 9,000 acres of vegetables in coming cold season

KALAY September 23

Local authorities earmarked cultivation of 9,121 acres of vegetables in coming cold season in Kalay Township of Sagaing Region, according to the Township Agriculture Department.

For the 2025–2026 winter crop season, a plan has been set to cultivate 9,121 acres of vegetables in Kalay Township. Planting will begin in October this year and continue until December.

Daw Mar Aue, Head of the Kalay Township Department of Agriculture, said: "This winter crop season, more than 9,000 acres of vegetables are planned for cultivation in Kalay Township. The crops include mustard, chilli, coriander, potato, cabbage, eggplant, Chinese cabbage, and cauliflower. Farmers are being provided with technical guidance to cultivate all vegetables under the GAP system. They will also be trained to minimize chemical residues and grow crops in a way that is safe for health."

It is reported that this year, the Kalay Township Department of Agriculture will conduct training courses for vegetable farmers on GAP cultivation methods, provide technical support to ensure harvested crops are safe and healthy, and encourage farmers to expand their vegetable cultivation.

In Kalay Township, vegetables are cultivated seasonally every year. These crops have been thriving successfully, generating household income for farmers. The Department of Agriculture will continue to provide awareness to farmers on correct cultivation methods, pest prevention, and the use of natural fertilizers, natural pesticides, and biopesticides.

**SK**

# Kyonpyaw Township sends Ayeya Padetha variety paddy to Yangon market



KYONPYAW September 23

Daw Myint Maw, the owner of rice and paddy trader in Pyonpyaw of Ayeyawady Region said that local businesspersons supplied 66,000 bags of Ayeya Padetha paddy variety to Yangon market .

Kyonpyaw Township supplies about 66,000 baskets of Ayeya Padetha paddy to the Yangon market.

"In the past month alone, up to 66,000 baskets of Ayeya Padetha paddy were exported and sold. Most of the farm produce from this area is mainly supplied to the Yangon market. Although Ayeya Padetha is classified as a coarse rice variety, it is widely preferred by people of all social groups because it tastes good. Demand from Yangon buyers has been strong, which boosted sales. At present, rice prices are still rising, and we have not faced any difficulties in transporting and selling the paddy," said Daw Myint Maw.

The paddy strain exported from Kyonpyaw Township to the Yangon market last month is fetching up to Ks-1,554,000 per 100 baskets and that the exported paddy is of good quality.

**SMK**

# Plan underway to cultivate more than 8,000 acres of vegetables in Kanbalu District

KANBALU September 23

According to Kanbalu District Agriculture Department, local authorities have earmarked cultivation of 8,003 acres of vegetables in Kanbalu District of Sagaing Region in coming cold season.

For growing vegetables in 2025-2026 cold season, Kanbalu Township set a plan to grow 7,426 acres of vegetables and Kyunhla Township, 577 acres, totalling 8,003 acres.

During this year's winter crop cultivation season, more than 8,000 acres of vegetables are planned to be cultivated in Kanbalu District. Efforts will be made to fully meet the targeted acreage, covering crops such as cabbage, chilli, onion, Chinese cabbage, coriander, potato, cauliflower, eggplant, and radish.

"All the vegetables will be cultivated using the GAP system. Farmers are being provided with the necessary techniques to ensure production with minimal chemical residues, in line with health standards," said Daw Mar Mar Win, Staff Officer of the Kanbalu District Agriculture Department.

This year, the Township Agriculture Department in Kanbalu District is providing farmers with training on GAP-based cultivation, technical support to ensure that the harvested vegetables are healthy and safe, and assistance for farmers to expand their vegetable cultivation.

Vegetables are grown seasonally every year in Kanbalu District, and the crops have proven successful, providing household income for farming families. Relevant Township Agriculture Departments are also raising awareness among farmers on proper cultivation methods, pest prevention, and the production and use of natural fertilizers, natural pesticides, and repellents.

**SMK**

# Cultivation of more than 6,000 acres of groundnut finishes



SAGAING September 23

Local farmers grew 6,145 acres of groundnut as monsoon crops in Sagaing Township of Sagaing Region this year, according to Sagaing Township Agriculture Department.

During the 2025-2026 monsoon cropping season, 9,427 acres of groundnut are planned for cultivation in Sagaing Township. Cultivation began in May this year, and so far 6,145 acres have already been planted, according to reports.

"This year, more than 9,000 acres of groundnut are planned for cultivation in Sagaing Township during the monsoon season. As of today, over 6,000 acres have been cultivated, and efforts are underway to meet the target acreage. As an oil crop, groundnut is performing successfully, and groundnut cultivation has been improving year by year," said U Myo Thant Aung, Head of the Sagaing Township Agriculture Department.

It is learned that in Sagaing Township, one and a half baskets of seed are used per acre for groundnut cultivation. The cost per acre, including seed, labour, fertilizer, and pesticide expenses, is over Ks-200,000, while yields exceed 50 baskets per acre.

This year, to ensure successful groundnut cultivation in Sagaing Township, staff from the Township Agriculture Department are conducting field inspections, keeping records, and carrying out pest and weed control measures in the fields.

**SK**

# Farmers grow more than 6,000 acres of vegetables in Kalay Township

KALAY September 23

Local farmers have planted a total of 6,768 acres of vegetables as monsoon crops in Kalay Township of Sagaing Region, according to the Township Agriculture Department.

During the 2025–2026 monsoon cropping season, 8,040 acres of vegetables are planned for cultivation in Kalay Township. Cultivation began in May this year, and so far 6,768 acres have already been planted, according to reports.

"This year, more than 8,000 acres of vegetables are planned for cultivation in Kalay Township during the monsoon season. As of today, over 6,000 acres have already been cultivated, and planting is continuing. Efforts are being made to achieve the targeted acreage. The crops include roselle, chili, onion, potato, cabbage, eggplant, and mustard. Farmers are being provided with technical guidance to grow all these vegetables under the GAP (Good Agricultural Practices) system. Training is also given to encourage minimal use of chemical residues, so that vegetables are cultivated in ways consistent with health standards," said Daw Marn Ewe, Head of the Kalay Township Agriculture Department.

This year, the Township Agriculture Department is providing farmers with training on GAP cultivation methods, techniques to ensure vegetables harvested from the fields are safe and healthy, and guidance to help farmers expand vegetable cultivation.

It is also reported that in Kalay Township, various seasonal vegetables are grown each year, contributing to successful harvests and household income. To support vegetable growers, the Township Agriculture Department is providing awareness programs on correct cultivation practices, pest prevention, and the use of natural fertilizers, biopesticides, and organic repellents. **SK**

# Russia calls for more global seats on UN Security Council

MOSCOW September 23

Russia supports expanding the UN Security Council to include more countries, Russia's deputy representative to the UN, Dmitry Polyansky, said on Sunday.

Speaking at the 7th Summit of the African Union Committee of Ten Heads of State and Government (C10) in New York, Polyansky stated that reforming the council is a top priority for Moscow, arguing that its composition "should reflect the multipolar nature of the world rather than remind us of the global colonial past".

"We support the extension of the Council by including in it African, Asian and Latin American countries, since the representation thereof in the Council does not reflect anymore their increased role in the international affairs," he added.

The AU's Committee of Ten coordinates Africa's position on Security Council reform and has long advocated for at least two permanent and two non-permanent African seats. Africa's current non-permanent members are Algeria, Sierra Leone, and Somalia.

He called for a "compact" council to preserve its ability to respond quickly to crises, and warned against increasing Western representation, which he said would undermine its balance.

Polyansky urged African countries not to accept "persuasion, promises, and compromises" from countries seeking to preserve "neocolonial dominance."

The envoy stressed that permanent members' veto power must be maintained to keep decisions "balanced, realistic, and practical." He also cautioned that UN reform must be accompanied by changes to global financial institutions to avoid "symbolic" outcomes that don't address historical injustice toward Africa.

Polyansky went on to say that Russia will remain a "close and reliable partner" for African nations in building a fairer world order.

**RT**

# 5 dies from electrocution amid heavy rains in India's Kolkata

NEW DELHI September 23

At least five persons died from electrocution amid heavy rains in Kolkata, the capital city of India's eastern state of West Bengal, during the past 24 hours, confirmed a local police over the phone on Tuesday.

The heavy rainfall has severely impacted daily life in Kolkata, leading to waterlogging on the city's roads and streets.

The take-off and landing of flights at Kolkata Airport have been disrupted.

The meteorological department said the heavy downpour was the result of a low-pressure area over the Bay of Bengal.

**Xinhua**



# Trump questions purpose of United Nations in UNGA address

UNITED NATIONS September 23

US President Donald Trump questioned on Tuesday the UN purpose, claiming that it had not helped him in resolving global conflicts during the first eight months of his second term.

"I was too busy working to save millions of lives, that is the saving and stopping these [seven] wars. But later, I realized that the United Nations wasn't there for us. They weren't there. I thought of it really after the fact, not during these negotiations, which were not easy. That being the case, what is the purpose of the United Nations?" Trump said in his address to the United Nations General Assembly.

Trump further stated that, despite its significant potential to resolve global conflicts, the United Nations is falling far short of fulfilling that promise.

Donald Trump said that the United States has the best weapons in the world and hates to use them.

"We have the greatest weapons on Earth. We hate to use them, but we did something that for 22 years people wanted to do with Iran's nuclear enrichment capacity, demolished," Trump said.

**Sputnik**

# At least 14 dead, 14 injured in riot at Ecuador prison

QUITO September 23

At least 14 people were killed and 14 others injured in a riot at a prison in southwestern Ecuador early Monday, according to the National Police.

Gunfire and explosions were reported around 2 a.m. local time (0700 GMT) at the Machala Social Rehabilitation Center in the city of Machala, capital of El Oro province.

El Oro police chief William Calle told local TV network Ecuavisa that 13 inmates and one guard died in the incident. The wounded were taken to nearby hospitals.

Calle said most of those killed belonged to Los Choneros, one of Ecuador's most violent groups.

Several inmates escaped during the clashes, Calle said, adding that authorities were working to determine the exact number of fugitives.

Ecuador has been in the grip of a prison crisis, with official figures showing around 600 inmates killed in gang-related riots since February 2021.

**Xinhua**

# Erdogan says disappointed by Palestinian Leader Abbas' absence at UN General Assembly

UNITED NATIONS September 23

Turkish President Recep Tayyip Erdogan said on Tuesday that he was disappointed by the absence of Palestinian President Mahmoud Abbas at the UN General Assembly.

"First of all, I would like to express my regret over the absence of Palestinian President Mahmoud Abbas from this chamber today, at a time when Palestine is being recognized by an increasing number of states," Erdogan said, speaking at the UN General Assembly session.

Negotiations between Russia and Ukraine facilitated the exchange of prisoners between the countries, and Turkey will assist in the ceasefire, Recep Tayyip Erdogan said.

"We hosted the negotiations between Russia and Ukraine on our territory. We played the role of mediator, through negotiations, a large number of prisoners and bodies of the dead were exchanged," Erdogan said.

**Sputnik**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Six Business Benefits to Installing Solar Panels

Solar power has become an increasingly popular option as businesses seek out environmentally friendly alternatives to fossil fuels. Solar energy is not only better for the planet, but it's cost-effective and could save money on energy bills each month. It's also an energy source that can be deployed anywhere, even in incredibly remote locations where other sources of power are limited. Businesses have plenty to benefit from in terms of installing solar panels – here are six advantages for business owners.

**Cost Savings**

Companies are always seeking ways to save money and trim their expenses down. So, it's no surprise that one of the biggest influences for businesses when it comes to changing their energy supply is the impact it can have on their energy costs each month. Solar solutions can help businesses in a range of sectors reduce their energy bills, with some companies seeing a drop of as much as 70 percent. A solar panel system can deliver free electricity during daytime hours that can potentially save you thousands each year in your energy expenditure.

**Versatility**

With solar panels, you're not limited to relying on a single source of energy as they can be combined with other forms of renewable energy for convenience and even greater value for money. Solar panels work particularly well with ground source heat pumps to provide full-scale heating in the winter months and air conditioning in the summer, without having to deal with a high energy consumption rate. Combining two energy solutions ensures flexibility in terms of how heat is generated for your business premises.

**The Ability to Avoid Fluctuating Energy Rates**

Electricity prices can be very unpredictable and with the demand constantly rising, a sharp rise in energy costs can affect your business' bottom line. The UK has made positive strides in terms of meeting the demand with affordable options, but the price of grid-supplied electricity will also be driven by supply and demand. And depending on where you're located, these costs can be significant. But with commercial solar solutions, you can skip having to deal with the volatility.

**Energy Stores**

A great benefit of using solar energy is the addition of solar batteries. Since your solar panels will sometimes generate more electricity than your business needs at the current time, so batteries are used to store the excess energy for use later on. Solar energy systems are usually connected to the electricity grid, meaning that any energy the panels produce that's more than your business needs will be fed back into the grid.

**Return on Investment**

Solar power can be a great financial move for many businesses, as it delivers a positive return on investment. While you need to make an initial investment, most businesses find that their investment pays for itself within three to five years, after which your savings are profit. The combination of cheaper solar technology, minimal maintenance once the panels have been installed and the continuing rise of National Grid-supplied electricity make solar energy a fantastic investment that supplies energy that can be up to 70 percent cheaper than purchasing it from the National Grid.



**Reduced Carbon Footprint**

Solar energy has a far lower impact on the environment compared to other energy sources – in fact, it has one of the lowest footprints as it doesn't produce any greenhouse gases and doesn't pollute water sources. What's more, solar power requires very little resources for maintenance so businesses that generate their own solar energy will significantly lower their carbon footprint.

In addition to being beneficial to the planet, it also gives you an edge over your competitors in terms of customers seeking greener companies. Going green in your business reduces operational expenses and can serve as a positive marketing tool, as well as helping you present a more environmentally responsible image.

**Conclusion**

Making the switch to renewable energy sources by installing solar panels is a great way to save your business money, improve your green credentials and help you avoid fluctuating rates. Solar energy is becoming an increasingly popular option for the environmentally conscious as it's a sustainable choice that you can use to gain a competitive advantage and increase your savings. For businesses seeking to reduce their carbon footprint and benefit from the marketing potential that such a switch can deliver, solar panels are a brilliant investment.

**B&G**

# Iran seeks to turn China into 1st tourism partner: minister

TEHRAN September 23

Iranian Minister of Cultural Heritage, Tourism and Handicrafts Reza Salehi Amiri said on Monday that the country has set a target to turn China into its first tourism partner, reported the state-run IRIB news agency.

Highlighting the large number of Chinese tourists traveling abroad each year, the minister said: "We should claim our share of this market." He noted that Foreign Minister Seyyed Abbas Araghchi is following up on that objective.

Earlier this month, Salehi Amiri said the number of Chinese tourists visiting Iran should increase in view of the high-level ties between the two countries.

To attract more Chinese tourists, Iran has implemented a unilateral visa-free policy for Chinese citizens since July 2019 and has trained dozens of Chinese-speaking tour guides.

The country has also prepared catalogues for Chinese tourists in their own language to enable them to gain more knowledge about Iran's culture while visiting the country's museums and sites.

**Xinhua**

# အသံထက်မြန် Ramjet အင်ဂျင်ကို အမေရိကန်စမ်းသပ်



အမေရိကန်မှ GE Aerospace ကုမ္ပဏီက Atmospheric Test of Launched Airbreathing System (ATLAS) ဆိုတဲ့ စမ်းသပ်ယာဉ်ကို အောင်မြင်စွာစမ်းသပ်မှု လုပ်ဆောင်လိုက်နိုင်တယ်လို့ ထုတ်ပြန်လာပါတယ်။ အဲဒီစမ်းသပ်ယာဉ်က လေရှူစနစ်သုံး Ramjet အင်ဂျင်ကိုတပ်ဆင်အသုံးပြုထားတာဖြစ်ပြီး အသံထက်မြန်တဲ့နှုန်းနဲ့ ပျံသန်းနိုင်စွမ်းရှိစေတာဖြစ်ပါတယ်။

အခုလိုမျိုးစမ်းသပ်နိုင်မှုဟာ တကယ့်ကို မှတ်ကျောက်တင်နိုင်တဲ့စမ်းသပ်မှုဖြစ်တဲ့အပြင် လောင်စာခဲသုံး Ramjet အင်ဂျင်နည်းပညာအတွက် အရေးကြီးတဲ့အဆင့်တစ်ခုဖြစ်တယ်လို့လည်း ကုမ္ပဏီကဆိုပါတယ်။

ဖလော်ရီဒါပြည်နယ်ရှိကနေဒီအာကာသစင်တာမှာလုပ်ဆောင်ခဲ့တဲ့ စမ်းသပ်မှုအတွင်း ATLAS စနစ်ကို Starfighter F-104 ဆိုတဲ့လေယာဉ်ပေါ်တင်ဆောင်ပြီး ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ စမ်းသပ်မှုသုံးကြိမ်စလုံးမှာ အဲဒီစနစ်က အသံထက်မြန်တဲ့နှုန်းနဲ့သွားနိုင်တယ်ဆိုတာကို တွေ့ရှိလိုက်ရတယ်လို့ ကုမ္ပဏီရဲ့ထုတ်ပြန်ချက်ထဲမှာ ဖော်ပြထားပါတယ်။

ဒီစနစ်ဖြစ်ပေါ်လာစေဖို့အတွက် အဓိကထောက်ပံ့ပေးသူက ပင်တဂွန်စစ်ဌာနချုပ်ဖြစ်ပြီး အနာဂတ်ခဲယမ်းများရဲ့ရောက်ရှိနိုင်တဲ့အကွာအဝေးကို တိုးမြှင့်သွားနိုင်စေဖို့ဖြစ်တယ်လို့ဆိုပါတယ်။ **Ref: IE**

**ကိုထက်**

# တရုတ်နိုင်ငံကထုတ်ထားတဲ့ စက်ရုပ်လက်တံ ဆင် ၁၀ ကောင်ကိုပင် ချီမနိုင်

တရုတ်နိုင်ငံက ထုတ်လုပ်ထားတဲ့ စက်ရုပ်လက်တံစနစ်တစ်မျိုးက ဆင် ၁၀ ကောင်ကိုပင် ချီမနိုင်တဲ့အထိ အားကြီးတယ်လို့ ဆိုပါတယ်။ တရုတ်သိပ္ပံအကယ်ဒမီက ဖန်တီးထားတဲ့ အဲဒီစက်ရုပ်လက်တံကို မကြာသေးမီက စမ်းသပ်မှုများလုပ်ဆောင်ခဲ့တာပါ။

အနာဂတ်ပေါင်းစည်းခေတ်ပေါင်းဖိုများ အထူးသဖြင့် နျူကလီးယားခေတ်ပေါင်းဖိုများမှာအသုံးပြုဖို့အတွက် ထုတ်လုပ်ထားတဲ့ အဲဒီစက်ရုပ်လက်တံစနစ်က မြင့်မားလှတဲ့အပူချိန်၊ အားကောင်းလှတဲ့သံလိုက်စက်ကွင်းများ၊ ပြင်းထန်လှတဲ့ခေတ်ရောင်ခြည်ထုတ်လွှတ်မှုများကြားမှာ လုပ်ငန်းတာဝန်များကို တိကျမှုရှိစွာလုပ်ဆောင်နိုင်စွမ်းရှိတယ်လို့ဆိုပါတယ်။

သူ့မှာစက်ရုပ်လက်တံသုံးခုပါရှိပါတယ်။ အဲဒီထဲကမှ အဓိကအကျဆုံး စက်ရုပ်လက်တံတစ်ခုက တန်ချိန် ၆၀ အထိရှိတဲ့ ဝန်ကိုမနိုင်တဲ့အပြင် တိကျမှုကလည်း မီလီမီတာအထိရှိတယ်လို့ တရုတ်နိုင်ငံပိုင်သတင်းစာတစ်စောင်က ဖော်ပြထားပါတယ်။

ခေတ်ပေါင်းဖိုတစ်လုံးအတွင်းမှာရှိတဲ့ အဖုံးအကာတို့လိုမျိုး ပစ္စည်းတွေကိုထိန်းသိမ်းမှုတွေလုပ်ရာမှာ တိကျမှုမရှိဘူးဆိုရင် ခေတ်ရောင်ခြည်ယိုစိမ့်မှုတွေအထိဖြစ်နိုင်တာကြောင့် တိကျမှုရှိဖို့ကသိပ်ကိုအရေးကြီးတာပါ။ ခေတ်ပေါင်းဖိုတွေကို ပုံမှန်ပြုပြင်ထိန်းသိမ်းမှု လုပ်ဆောင်ခြင်းက မလွဲမရှောင်သာတဲ့အတွက် စက်ရုပ်များကို ပိုမိုအသုံးပြုလာခြင်းဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**



# လျှပ်စစ်သံလိုက်စနစ်သုံး လေယာဉ်လွှတ်တင်နည်းပညာမှာ အမေရိကန်ကိုကျော်တက်သွားတဲ့ တရုတ်



တရုတ်နိုင်ငံက နောက်ဆုံးထုတ်လုပ်ထားတဲ့ ဖူကျန့်လေယာဉ်တင်သင်္ဘောကြီးမှာ လျှပ်စစ်သံလိုက်စနစ်သုံး လေယာဉ်လွှတ်တင်နည်းပညာပါဝင်ပါတယ်။ အမေရိကန်ရေတပ်ရဲ့ လေယာဉ်တင်သင်္ဘောများမှာလည်း အဲဒီစနစ်ကိုတပ်ဆင်ထားရှိပါတယ်။ ဒီစနစ်က သမားရိုးကျနည်းလမ်းကနေခွဲထွက်လာတဲ့ လေယာဉ်လွှတ်တင်နည်းပညာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ရက်ပိုင်းမှာ တရုတ်ရေတပ်မှ ဖူကျန့်လေယာဉ်တင်သင်္ဘောက အဲဒီစနစ်ကိုအသုံးပြုပြီး သူ့ပေါ်မှာတင်ဆောင်မယ့် အဓိကလေယာဉ်အမျိုးအစားသုံးမျိုးကို လွှတ်တင်ခြင်းနဲ့ ပြန်လည်ဖမ်းယူခြင်း လုပ်ဆောင်လိုက်နိုင်ပါတယ်။ အဲဒီလေယာဉ်တွေက အကြီးစားတိုက်ခိုက်ရေးလေယာဉ် J-15T၊ ကိုယ်ပျောက်တိုက်လေယာဉ် J-35၊ လေကြောင်းကြိုတင်သတိပေးလေယာဉ် KJ-600 တို့ဖြစ်ပါတယ်။

ဒါပေမဲ့ အဲဒီစနစ်တပ်ဆင်ထားပါတယ်ဆိုတဲ့ အမေရိကန်လေယာဉ်တင်သင်္ဘောများကတော့ ဒီလိုမျိုးလုပ်ဆောင်နိုင်ခြင်း မရှိသေးပါဘူး။ ဒါကြောင့်လျှပ်စစ်သံလိုက်စနစ်အသုံးပြု လေယာဉ်လွှတ်တင်နည်းပညာမှာ တရုတ်က အမေရိကန်ကို ကျော်တက်သွားပြီပဲဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**

# ဂျပန်နိုင်ငံမှာ အလုပ်သမားရှားပါးမှုကိုဖြေရှင်းပေးမယ့် ကမ္ဘာ့ပထမဆုံး ဟိုက်ဒရိုဂျင်စွမ်းအင်သုံး မောင်းသူမဲ့ထွန်စက်




ဂျပန်နိုင်ငံမှာ သက်ကြီးရွယ်အိုဦးရေမြင့်တက်လာမှုနဲ့အတူ အလုပ်သမားဦးရေကလည်း ရှားပါးလာပါတယ်။ ဒါကြောင့် ဂျပန်နိုင်ငံရဲ့ ကူဘိုတာကုမ္ပဏီက ဟိုက်ဒရိုဂျင်စွမ်းအင်သုံး မောင်းသူမဲ့ထွန်စက်ကို ထုတ်ဖော်မိတ်ဆက်လိုက်ပါတယ်။ ဒီလိုမျိုးထွန်စက်ဟာ ကမ္ဘာ့ပထမဆုံးပါပဲ။

ကူဘိုတာကုမ္ပဏီက ကာဗွန်ခေတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးမှာ ပါဝင်ကူညီတဲ့အနေနဲ့ အခုလိုမျိုးထွန်စက်ကို တီထွင်ဖန်တီးလိုက်တာဖြစ်တယ်လို့ ဆိုပါတယ်။ အဲဒီထွန်စက်ကို အိုဆာကာမြို့မှာကျင်းပတဲ့ ကမ္ဘာ့ကုန်စည်ပြပွဲ ၂၀၂၅ မှာ ထည့်သွင်းပြသခဲ့တာပါ။

ကူဘိုတာကုမ္ပဏီက မိတ်ဆက်ပြသလိုက်တဲ့ ဟိုက်ဒရိုဂျင်စွမ်းအင်အသုံးပြုထွန်စက်ဟာ မြင်းကောင်ရေ ၁၀၀ အားရှိပါတယ်။ မောင်းသူမဲ့စနစ်အတွက် ဉာဏ်ရည်တုနည်းပညာ (AI) ကိုပေါင်းစပ်အသုံးပြုထားတာပါ။ သူ့ကိုဟိုက်ဒရိုဂျင်အပြည့်ဖြည့်ပေးထားတယ်ဆိုရင် လယ်ထွန်ခြင်းလုပ်ငန်းကို နေ့တစ်ပိုင်းလောက်အထိ မရပ်မနားလုပ်ဆောင်နိုင်ပါတယ်။ သူ့ကို အဝေးထိန်းစနစ်နဲ့ အဝေးတစ်နေရာကနေ ထိန်းချုပ်နိုင်ပါတယ်။ **Ref: IE**

**ကိုထက်**

# အမေရိကန်လေတပ်က F-47 ကိုယ်ပျောက်တိုက်လေယာဉ်ကို စတင်ထုတ်လုပ်နေပြီဟုဆို



အမေရိကန်လေတပ်က F-47 ကိုယ်ပျောက်တိုက်လေယာဉ်ပထမဆုံးတစ်စင်းကို စတင်ထုတ်လုပ်နေပြီလို့ ဦးစီးအရာရှိချုပ် ဗိုလ်ချုပ်ကြီးဒေးဗစ်အာဗင်က ထုတ်ဖော်ပြောလိုက်ပါတယ်။

ဆဋ္ဌမမျိုးဆက်ဖြစ်တဲ့ အဲဒီလေယာဉ်ထုတ်လုပ်မှုကို ဘိုးအင်းကုမ္ပဏီက အဓိကဦးဆောင်နေတာဖြစ်ပြီး ပထမဆုံးသောတပ်တော်ဝင်မှုကိုတော့ ၂၀၂၈ ခုနှစ်မှာ လုပ်ဆောင်နိုင်လိမ့်မယ်လို့ မျှော်လင့်ထားပါတယ်။

F-47 ကို မျိုးဆက်သစ်ဝေဟင်လွှမ်းမိုးမှုစနစ်ဆိုပြီး ယခင်ကခေါ်ခဲ့ပါတယ်။ ဒီနေ့လိုမျိုး ထုတ်လုပ်နိုင်ဖို့အတွက် ကာလရှည်ကြာစောင့်ဆိုင်းခဲ့ရပါတယ်။ ဒီလေယာဉ်ကတပ်တော်ဝင်ပြီဆိုရင် လက်ရှိအသုံးပြုနေတဲ့ F-22 Raptor နေရာမှာ အစားထိုးသွားမှာပါ။ F-47 မှာ အဆင့်မြင့်မားလှတဲ့ ကိုယ်ပျောက်နည်းပညာ၊ ခေတ်သစ်အာရုံခံကိရိယာများ၊ စွမ်းဆောင်ရည်ပြည့်ဝတဲ့ အင်ဂျင်များအပြင် မောင်းသူမဲ့အရန်လိုက်ဒရုန်းများလည်းပါဝင်တယ်လို့ဆိုပါတယ်။

ဒီလေယာဉ်က အသံထက်နှစ်ဆပိုမြန်တဲ့နှုန်းနဲ့ ပျံသန်းနိုင်မှာဖြစ်တဲ့အပြင် ရေမိုင် ၁၀၀၀ ပတ်လည်အတွင်းမှာ စစ်ဆင်နိုင်စွမ်းရှိမှာဖြစ်ပါတယ်။ လေတပ်ကဝယ်ယူသွားမယ့်အရေအတွက်က အစင်းရေ ၁၈၅ စင်းအထိရှိပါတယ်။ **Ref: IE**

**ကိုထက်**

# ရုရှားကင်ဆာလူနာများ ပြည်တွင်းဖြစ် ကင်ဆာဆေးဖြင့် မကြာမီအချိန်အတွင်း ကုသမှုခံယူနိုင်တော့မည်

**မော်စကို၊ ကျန်းမာရေး**

ရုရှားနိုင်ငံရှိ ကင်ဆာလူနာများအနေဖြင့် ပြည်တွင်းဖြစ်ကင်ဆာဆေးဖြင့် မကြာမီအချိန်အတွင်း ကုသမှုခံယူနိုင်တော့မည်ဖြစ်ကြောင်း ဂါမယ်လီယာသုတေသနဌာနမှူးကပြောသည်။

အဆိုပါကင်ဆာဆေးအသစ်သည် လူနာတစ်ဦးချင်းစီ၏ မျိုးရိုးဗီဇဆိုင်ရာအချက်အလက်များကိုအသုံးပြု၍ အန္တရာယ်ပေးနိုင်သော အဖုအကျိတ်များကို ပစ်မှတ်ထားဖျက်ဆီးနိုင်သည်ဟု သုတေသနဌာနမှူး အလက်ဇန်းဒါးဂျင့်စဘာ့ကပြောကြောင်း Tass သတင်းဌာနက စက်တင်ဘာလ ၂၃ ရက်တွင်ဖော်ပြထားသည်။

ကင်ဆာကာကွယ်ဆေးအနေဖြင့် ယခုကဲ့သို့စွမ်းဆောင်နိုင်ရေးအတွက် ဉာဏ်ရည်တုနည်းပညာ (AI)၊ mRNA နည်းပညာတို့၏အကူအညီကိုရယူထားကြောင်း၊ ထို့ကြောင့် ယင်းကာကွယ်ဆေးသည် တစ်ဦးချင်းစီနှင့်ကိုက်ညီမှုရှိသော ကင်ဆာကာကွယ်ဆေးဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။

လက်ရှိတွင် လိုအပ်သောစာရွက်စာတမ်းများအားလုံးကို ကျန်းမာရေးဝန်ကြီးဌာနသို့ တင်ပြထားကြောင်းနှင့် မကြာမီခွင့်ပြုချက်ကျလာတော့မည်ဖြစ်ကြောင်း ၎င်းကပြောသည်ဟုသိရသည်။ **Ref: RT**

# အော်တစ်ဇင်ရောဂါဖြစ်ပွားမှုက အကိုက်အခဲပျောက်ဆေးများ၊ ကာကွယ်ဆေးများနှင့်ဆက်စပ်မှုမရှိဟု WHO ထုတ်ပြန်




**ဂျီနီဗာ၊ ကျန်းမာရေး**

ကလေးငယ်များ အော်တစ်ဇင်ရောဂါဖြစ်ပွားမှုက အကိုက်အခဲပျောက်ဆေးများ၊ ကာကွယ်ဆေးများနှင့် ဆက်စပ်ခြင်းမရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က စက်တင်ဘာလ ၂၃ ရက်တွင်ထုတ်ပြန်ထားသည်။

ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် ကိုယ်ဝန်ဆောင်စဉ်ကာလအတွင်း Tylenol အမည်ရှိ အကိုက်အခဲပျောက်ဆေးများကို အသုံးပြုပါက မွေးလာသောကလေးသည် အော်တစ်ဇင်ရောဂါဖြစ်နိုင်ကြောင်း၊ ယင်းအတွက်ကြောင့် ကိုယ်ဝန်ဆောင်များအနေဖြင့် ယင်းဆေးများကိုရှောင်ရှားရမည်ဖြစ်ကြောင်း၊ ကလေးငယ်များကိုထိုးနှံပေးနေသည့် ကာကွယ်ဆေးများ၏စံချိန်စံညွှန်းများကိုလည်း ပြောင်းလဲရမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က စက်တင်ဘာလ ၂၂ ရက်တွင် ပြောပြီးနောက် WHO က ယခုကဲ့သို့ထုတ်ပြန်လာခြင်းဖြစ်သည်။

Tylenol တွင်ပါဝင်သည့် အဓိကပါဝင်ပစ္စည်းဖြစ်သော ပါရာစီတမောသည် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် အသုံးပြုရန် အသင့်လျော်ဆုံးသော အကိုက်အခဲပျောက်ဆေးများတွင် တစ်ခုအပါအဝင်ဖြစ်သည်ဟု ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူများက အသိအမှတ်ပြုထားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် ပါရာစီတမောနှင့် အော်တစ်ဇင်ဖြစ်ပွားမှုကြား ဆက်စပ်မှုရှိ၊ မရှိကို စောင့်ကြည့်လေ့လာသုတေသနပြုမှုများစွာ လုပ်ဆောင်ခဲ့သော်လည်း ထိုသို့ဆက်စပ်နေသည်ဟူသော အချက်ကိုမတွေ့ရှိရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ တာရစ်ဂျက်ဆာရီဗစ်က သတင်းထောက်များကိုပြောသည်။ ကလေးငယ်များ အော်တစ်ဇင်ဖြစ်ပွားရခြင်းသည် ဗီဇပြောင်းလဲမှုများကြောင့် ဦးနှောက်ဖွံ့ဖြိုးတိုးတက်မှုနှင့် ရှုပ်ထွေးစွာဆက်စပ်နေကြောင်း ပညာရှင်များကယူဆထားသည်ဟုသိရသည်။ **Ref: AGC**

# ထရမ့်က ဂါဇာအရေး ဆွေးနွေးသွားရန် မူဆလင်နိုင်ငံကြီးများမှ ခေါင်းဆောင်များနှင့် တွေ့ဆုံမည်

**ဝါရှင်တန်၊ သံတမန်ရေး**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဂါဇာအရေးဆွေးနွေးမှုများလုပ်ဆောင်နိုင်ရန် မူဆလင်နိုင်ငံကြီးများမှခေါင်းဆောင်များနှင့် တွေ့ဆုံသွားမည်ဖြစ်ကြောင်း အိမ်ဖြူတော်ပြန်ကြားရေးအဖွဲ့က ထုတ်ပြန်ထားသည်။

ဆွေးနွေးမှုလုပ်ရန် တွေ့ဆုံသွားမည့်နိုင်ငံများတွင် ဆော်ဒီအာရေဗျ၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ ကာတာ၊ အီဂျစ်၊ ဂျော်ဒန်၊ တူကီယဲ၊ အင်ဒိုနီးရှား၊ ပါကစ္စတန်နိုင်ငံတို့ပါဝင်ကြောင်း အိမ်ဖြူတော်ပြန်ကြားရေးအဖွဲ့၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အထူးသဖြင့်ဆွေးနွေးမည့်အကြောင်းအရာမှာ ငြိမ်းချမ်းရေးအတွက်အဆိုပြုမှု၊ ဂါဇာ၌စစ်ပြီးနောက်ပိုင်းအုပ်ချုပ်မှု၊ ဓားစာခံများပြန်လွှတ်ပေးမှု၊ စစ်ပွဲအဆုံးသတ်မှုတို့ပါဝင်ကြောင်း အမည်မဖော်လိုသူတာဝန်ရှိသူတစ်ဦးကပြောသည်။

ထို့ပြင် အာရပ်နှင့်မူဆလင်နိုင်ငံများအနေဖြင့် ဂါဇာသို့စစ်အင်အားစေလွှတ်ရန်၊ ဂါဇာတွင်ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ငွေကြေးများထောက်ပံ့ပေးရန် သဘောတူမည်ဟု ထရမ့်ကမျှော်လင့်ထားကြောင်းသိရသည်။

**Ref: BP**

# တိုင်ဖွန်းမုန်တိုင်းရာဂါဆာ ဆက်လက်အားပြင်းနေဆဲဖြစ်ပြီး ဟောင်ကောင်သို့ဦးတည်တိုက်ခတ်လာနေ

**ဟောင်ကောင်၊ ရာသီဥတု**

ယခုနှစ်အတွင်း တိုက်ခတ်ခဲ့သမျှသော တိုင်ဖွန်းမုန်တိုင်းများအနက် အားအပြင်းဆုံးဖြစ်သည့် တိုင်ဖွန်းမုန်တိုင်းရာဂါဆာသည် ဖိလစ်ပိုင်နိုင်ငံနှင့်ထိုင်ဝမ်ကျွန်းတို့သို့ဝင်ရောက်တိုက်ခတ်ပြီးသည့်တိုင် ဆက်လက်အားပြင်းနေဆဲဖြစ်ကြောင်းနှင့် မုန်တိုင်းက ဟောင်ကောင်သို့ဦးတည်တိုက်ခတ်လာနေကြောင်း တာဝန်ရှိသူများကပြောသည်။




တိုင်ဖွန်းမုန်တိုင်းရာဂါဆာသည် စက်တင်ဘာလ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဖိလစ်ပိုင်နိုင်ငံနှင့် ထိုင်ဝမ်ကျွန်းတို့သို့ဝင်ရောက်တိုက်ခတ်ခြင်းကြောင့် ယင်းဒေသများ၌ အနည်းဆုံးလူငါးဦးသေဆုံးထားသည်။

အဆိုပါမုန်တိုင်းသည် လေတိုက်နှုန်း တစ်နာရီလျှင် ၁၈၅ ကီလိုမီတာ၊ လေပုန်းတိုက်ခတ်နှုန်း တစ်နာရီလျှင် ကီလိုမီတာ ၂၃၀ အထိရှိကြောင်း ဖိလစ်ပိုင်မိုးလေဝသဌာနကထုတ်ပြန်ထားသည်။

ထို့နောက် မုန်တိုင်းက ဟောင်ကောင်သို့ဦးတည်တိုက်ခတ်လာနေသည့်အတွက် တာဝန်ရှိသူများက အဆင့် ၃ သတိပေးချက်ကိုထုတ်ပြန်ထားကြောင်း၊ လေကြောင်းခရီးစဉ်ပေါင်း ၇၀၀ ကျော်ကို ဖျက်သိမ်းရကြောင်း၊ မုန်တိုင်း၏အရှိန်ကြောင့် စက်တင်ဘာလ ၂၃ ရက်ညမှစ၍ လေပြင်းတိုက်ခတ်မှုများကိုရင်ဆိုင်ရမည်ဖြစ်ကြောင်း သတင်းဌာနများကဖော်ပြထားသည်။

ထို့ပြင် နောက်ထပ် ၂၄ နာရီအတွင်း မုန်တိုင်း၏အရှိန်သည် ယခုအတိုင်းဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံကမ်းရိုးတန်းသို့ ချဉ်းကပ်သည့်အခါမှသာ အနည်းငယ်အားပျော့မည်ဖြစ်ကြောင်း၊ မုန်တိုင်းဝင်ရောက်နိုင်သည့် နေရာတစ်လျှောက်ရှိ ဒေသခံပြည်သူလေးသိန်းကျော်ကို ဘေးကင်းရာသို့ ပြောင်းရွှေ့ရန် တရုတ်တာဝန်ရှိသူများက ညွှန်ကြားထားကြောင်းသိရသည်။ **Ref: IP**

# အိန္ဒိယတပ်မတော်က အကြီးဆုံးသော ဒရုန်းစစ်ရေးလေ့ကျင့်ခန်းလုပ်ဆောင်မည်



**နယူးဒေလီ၊ လုံခြုံရေး**

အိန္ဒိယတပ်မတော်က လေကြောင်းရန်ကာကွယ်ရေးစနစ်ကို စွမ်းအားမြှင့်တင်နိုင်ရေးအတွက်ရည်ရွယ်၍ နိုင်ငံအတွက် အကြီးဆုံးသော ဒရုန်းနှင့်ဒရုန်းဖျက်စစ်ရေးလေ့ကျင့်ခန်းကို လာမည့်လတွင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အကြီးတန်းအရာရှိတစ်ဦးက စက်တင်ဘာလ ၂၃ ရက်တွင် ပြောသည်။

Cold Start ဟုအမည်ပေးထားသည့် အဆိုပါ ဒရုန်းစစ်ရေးလေ့ကျင့်ခန်း၌ ပြည်တွင်းဖြစ်ဒရုန်းစနစ်များ၊ ဒရုန်းဖျက်စနစ်များ၏စွမ်းဆောင်ရည်များကို အကဲဖြတ်သွားမည်ဖြစ်ကြောင်း၊ မေလအတွင်းဖြစ်ပွားခဲ့သည့် ဒရုန်းစစ်ဆင်ရေး၏ပုံစံအချို့ကိုလည်း သဏ္ဍာန်တူလေ့ကျင့်သွားမည်ဖြစ်ကြောင်း လေတပ်ဗိုလ်ချုပ်ကြီးရာကက်ဆင်းဟာကပြောသည်။ ထို့ပြင် ဆူဒါရှန်ချက်ကရာလေကြောင်းရန်ကာကွယ်ရေးစနစ်ကြီးအတွက် ဒရုန်းများနှင့်ဒရုန်းဖျက်စနစ်များက အဓိကကျကြောင်း ၎င်းကဆက်ပြောသည်။ **Ref: ST**

# နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံအဖွဲ့ဝင် ၅ ဦး ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်

နေပြည်တော် စက်တင်ဘာ ၂၃

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်းရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့်တပ်မတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အမည်ခံအဖွဲ့မှ အဖွဲ့ဝင်(၅)ဦးသည် ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသည့် PDF အမည်ခံအဖွဲ့ဝင်တစ်ဦးအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံအဖွဲ့ဝင်များသည် အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် လူမျိုးရေးခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနိုပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသည့် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အရှေ့ဒဂုံမြို့နယ်၊ မြောက်ဒဂုံမြို့နယ်၊ မွန်ပြည်နယ်၊ ဘီးလင်းမြို့တို့မှ PDF အမည်ခံအဖွဲ့ဝင် အမျိုးသား (၅) ဦးတို့အား တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် မကွေးမြို့ရှိနယ်မြေခံတပ်ခန်းမ၌ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မကွေးတပ်နယ်မှ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသည့်အဖွဲ့ဝင်များနှင့် ၎င်းတို့၏မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက တရားဥပဒေပုဒ်မများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပေးကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသည့် PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင်များအား ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးသည်။ ယင်းနောက် ၎င်းတို့အား တာဝန်ရှိသူများက ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထိုသို့ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားရှစ်ဦး သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်



မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ လွှဲပြောင်းပေးအပ်စဉ်။

နေပြည်တော် စက်တင်ဘာ ၂၃

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ် နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ကင်ညာနိုင်ငံသား သုံးဦး၊ အီသီယိုးပီးယား နိုင်ငံသားနှစ်ဦး၊ နီပေါနိုင်ငံသားနှစ်ဦးနှင့် ကင်မရွန်းနိုင်ငံသားတစ်ဦး၊ စုစုပေါင်းပြည်ပနိုင်ငံသားရှစ်ဦးတို့အား မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များနှင့်တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင်လွှဲပြောင်းပေးရေး လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံရုံးမှ First Secretary Mr. Kumar Bikram Regmi နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ကင်ညာနိုင်ငံသံရုံးမှ Second Secretary Mr. Edward Maroko နှင့် တာဝန်ရှိသူများ၊ အီသီယိုးပီးယားနိုင်ငံသံရုံးနှင့် ကင်မရွန်းနိုင်ငံသံရုံးတို့မှ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ သံရုံးကိုယ်စားလှယ် Mr. Tana Judah Hira နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ၊ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ စက်တင်ဘာလ ၂၃ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၄၀၄ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၁၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၉၁ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက်ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၂၃

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Than Naing Htwe (@thannainghtwe41)” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်၊ လွယ်တော်ခမ်းကျေးရွာနေ သန်းနိုင်ထွေးအား ည ၆ နာရီခွဲတွင် တာချီလိတ်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ခြေဖြင့်လှေလှော် ရေမှာပျော် ကမ္ဘာကျော်ကြား တို့အင်းသား

**မြန်မာတွင်သာမက ကမ္ဘာတွင်ပင်မရှိသော အင်းသားတို့၏ကိုယ်ပိုင်အားကစားနည်းဖြစ်သည့် ခြေထောက်ဖြင့်လှော်ခတ်သော ရိုးရာလှေလှော်ပြိုင်ပွဲကြီးကျင်းပရာ အင်းလေးကန်ကြီးဆီသို့ စာရေးသူရောက်ရှိခဲ့သည်ကိုအကြောင်းပြုကာ ဆောင်းပါးတစ်ပုဒ်ရေးဖို့တွေးမိခဲ့သည်။**

အင်းသားရိုးရာလှေပြိုင်ပွဲအကြောင်း မရေးသားမီ အင်းလေးကန်၊ အင်းသားလူမျိုးနှင့် အင်းလေးကန်မှ အထင်ကရ ဖောင်တော်ဦးဘုရားပွဲတော်နှင့် အင်းသားတို့၏ ခြေထောက်ဖြင့် လှေလှော်ခြင်းဓလေ့တို့ကို ဦးစွာရေးသားရမည်ဖြစ်သည်။

အင်းလေးကန်သည် မြန်မာသာမက ကမ္ဘာတစ်ဝန်းတွင်ပါ ထင်ရှားကျော်ကြားသော ကန်ကြီးတစ်ခုဖြစ်သည်။ သဘာဝအရရော ယဉ်ကျေးမှုဓလေ့ထုံးတမ်းများအရပါ ထူးခြားဆန်းပြားလှသောကြောင့် အထူးစိတ်ဝင်စားခြင်းခံရသော ခရီးသွားဒေသတစ်ခုဖြစ်သည်။ ထို့ကြောင့် အင်းလေးကန်သည် မြန်မာနိုင်ငံအတွက် သဘာဝအမွေအနှစ်ဒေသတစ်ခုအဖြစ်သာမက ယဉ်ကျေးမှုအမွေအနှစ်တစ်ခုအဖြစ်ပါ များစွာအထောက်အကူပြုလျက်ရှိသည်။

အင်းလေးကန်သည် ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ်၌ တည်ရှိသည်။ ရှမ်းပြည်နယ်၏မြို့တော် တောင်ကြီးမြို့မှ ၃၀ ကီလိုမီတာအကွာတွင် တည်ရှိသည်။ ရှမ်းကုန်းပြင်မြင့်ပေါ်ရှိ မြင့်မားသော တောင်တန်းပေါ်တွင် သဘာဝအလျောက်တည်ရှိနေသော သက်တမ်းရင့်ကုန်းတွင်းရေချိုအိုင်ကြီးဖြစ်သည်။ ကချင်ပြည်နယ်ရှိ အင်းတော်ကြီးအိုင်ပြီးလျှင် မြန်မာနိုင်ငံတွင် ဒုတိယအကြီးဆုံးရေအိုင်ကြီးဖြစ်သည်။

ကုန်းဘောင်ခေတ်က ညောင်ရွှေအင်းဟုခေါ်ခဲ့ပြီး နောက်ပိုင်းတွင် အင်းလေးရှိ ရွာကြီးလေးရွာကို အစွဲပြု၍ အင်းလေးရွာ (အင်း ၄ ရွာ)ဟူ၍ မှတ်တမ်းပြုခေါ်ဆိုရာမှ အင်းလေးဟူ၍ အမည်ခိုင်မာလာခြင်းဖြစ်သည်။

အင်းလေးကန်တစ်ဝိုက်တွင် အခြေစိုက်နေထိုင်လျက်ရှိသော လူမျိုးစုကို အင်းသားလူမျိုးဟု ခေါ်ဆိုကြသည်။ အင်းသားလူမျိုးများသည် ရှမ်းတိုင်းရင်းသားအနွယ်ဝင်လူမျိုးပေါင်း ၃၃ မျိုးတွင် ပါဝင်သည်။ အင်းသားလူမျိုးများတွင် အခြားသော တိုင်းရင်းသားလူမျိုးများနှင့် မတူကွဲပြားသော ထူးခြားချက်များစွာရှိကြသည်။ ရေပေါ်တွင် ခြေတံရှည်အိမ်များဆောက်လုပ်နေထိုင်ခြင်း၊ ကျွန်းမျောများပေါ်တွင် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်အသက်မွေးခြင်း၊ လူသားနှင့်သဘာဝပတ်ဝန်းကျင် ဂေဟစနစ်အသွင်ဖြင့်နေထိုင်ခြင်းတို့အပြင် လှေကို ခြေထောက်ဖြင့် လှော်ခတ်ခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

အင်းသားတို့၏ ရိုးရာလှေလှော်ခတ်နည်းမှာ ကမ္ဘာပေါ်ရှိ မည်သည့်လူမျိုးစုနှင့်မျှမတူ တစ်မူထူးခြားလှသည်။ လှော်ခတ်ပုံမှာ လှေဦးထိပ်တွင် မတ်တတ်ရပ်ကာ ခြေထောက်တစ်ဖက်တည်းဖြင့် လှော်ခတ်ကြခြင်းဖြစ်သည်။ ထို့ကြောင့်လည်း အင်းသားလူမျိုးများကို **"လှေကိုလက်နှင့် မလှော်၊ ခြေထောက် နှင့်လှော်"** ဟူ၍ ဆိုစမှတ်ပြုကြသည်။ အင်းလေးရိုးရာစကားပုံတစ်ခုမှာ **"ခေမဆန်ဘဲ ခေပယ် မခေါက်န"** ဟူ၍ရှိရာ အဓိပ္ပာယ်မှာ ခြေမသန်ဘဲ ခြေထောက်နှင့် လှေမလှော်ပါနဲ့ဟူ၍ ပြောလိုရင်းဖြစ်သည်။ အင်းသားတို့၏ ထူးခြားဆန်းပြားသော ဝိသေသတစ်ခုဖြစ်နေသည်။ ထို့သို့လှော်ခတ်ပုံမှာ တစ်ဦးတစ်ယောက်တည်းကျင့်သုံးသည့် အလေ့အထမဟုတ် လူမျိုးစုတစ်ခုလုံး ကျား၊ မ မရွေး၊ ကလေး လူကြီးမရွေးလှော်ခတ်ကြခြင်းဖြစ်သည်။ ထို့ကြောင့်လည်း ၎င်းအလေ့အထသည် အင်းသားတို့၏ ထူးခြားလှသော ဝိသေသယဉ်ကျေးမှုပြယုဂ်တစ်ခုဖြစ်နေရခြင်းပင်ဖြစ်သည်။

ထိုသို့ထူးခြားသည့် လှေလှော်ခတ်ခြင်းကို လူပေါင်းများစွာ အားကြိုးမာန်တက် တက်ညီလက်ညီ တစုတဝေးတည်း လှော်ခတ်ကြသောပုံရိပ်ကို မြင်နိုင်ကြသောအချိန်မှာ မိုးနှောင်းလွန်စ သီတင်းကျွတ်အခါသမယတွင်ပင်ဖြစ်သည်။ အင်းသားတို့သည် ဘာသာတရားကိုင်းရှိုင်းကြသူများဖြစ်ရာ ဒေသတွင်း



ဗုဒ္ဓဘာသာဆိုင်ရာ ဘာသာရေးပွဲတော်လည်းဖြစ်သည့် အင်းသားတို့၏ ရိုးရာလှေလှော်ခတ်ခြင်းကို အားကစားအသွင်အဖြစ် ဆင်နွှဲခြင်းကိုလည်းဆောင်နေသော အင်းလေးဖောင်တော်ဦးဘုရားပွဲတော်ကြီးကို သီတင်းကျွတ်လတွင် ကျင်းပလေ့ရှိကြသည်။

အင်းသားရိုးရာလှေပြိုင်ပွဲကို ညောင်ရွှေမြို့တွင် ဖောင်တော်ဦးဗုဒ္ဓရုပ်ပွားတော်များကြွရောက်ချိန်နှင့် ဗုဒ္ဓရုပ်ပွားတော်များ မူလစံပယ်ရာ ကျောင်းတော်ဝင်ပွဲနေ့များတွင် ကျင်းပလေ့ရှိကြသည်။

ထိုပြိုင်ပွဲ၏ရည်ရွယ်ချက်မှာ အင်းလေးဒေသ၏ပြယုဂ်ဖြစ်ပြီး မြန်မာတွင်သာမက ကမ္ဘာတွင်ပါ ထင်ရှားကျော်ကြားလှသည့် လှေကိုလည်း လက်နဲ့မလှော် ခြေထောက်နဲ့လှော်သည့် လှေပြိုင်ပွဲကို ပြည်တွင်းပြည်ပခရီးသွားများအားလုံးသိရှိနိုင်ရန်၊ ရင်းနှီးချစ်ကြည်စည်းလုံးညီညာကြသော အင်းသားတို့၏အလှကို ဖော်ထုတ်တင်ဆက်နိုင်စေရန်၊ ခြေထောက်ဖြင့် လှေလှော်ခတ်မှုပျောက်ပျက်မသွားစေရန်နှင့် မျိုးဆက်သစ်လူငယ်များအား ရိုးရာလှေလှော်ခတ်မှုကို ပိုမိုစိတ်ဝင်စားလာကြစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပကြခြင်းဖြစ်သည်ဟု လေ့လာသိရှိရသည်။

အင်းလေးဖောင်တော်ဦးဗုဒ္ဓရုပ်ပွားတော်များ ဒေသစာရီကြွချီရာတွင် ဆွဲလှေ ခေါ် ဗုဒ္ဓရုပ်ပွားတော်များပင့်ဆောင်လာသော ဖောင်တော်ကြီးအား ဆွဲယူပူဇော်သည့်လှေများသည် ဘုရားပင့်ဆောင်ပူဇော်ပြီးနောက်တွင် လှေပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ကြခြင်းဖြစ်သည်။ အင်းလေးဖောင်တော်ဦးဗုဒ္ဓရုပ်ပွားတော်မြတ်များအား သီတင်းကျွတ်ကာလမတိုင်မီမှ သီတင်းကျွတ်လပြည့်ကျော်သည်အထိ အင်းလေးဒေသ ၂၁ ဌာနအဖြစ် သတ်မှတ်ရွာများအပြင် ညောင်ရွှေမြို့အထိ၊ ထိုမှသည် မူလစံပယ်ရာ နမ့်ဟူးရွာကျောင်းတော်ကြီးအထိ ကျောင်းတော်ဝင်ရန် သတ်မှတ်လမ်းကြောင်းအတိုင်း လှည့်လည်အပူဇော်ခံလေ့ရှိသည်။

ရုပ်ပွားတော်မြတ်များ ပင့်ဆောင်အပူဇော်ခံလာရာ လမ်းကြောင်းတစ်လျှောက်တွင် ကရဝိက်ဖောင်တော်ကြီးအား အင်းသားများက ဆွဲလှေများဖြင့် တက်ညီလက်ညီလှော်ခတ်ကြကာ ပင့်ဆောင်ကြရသည်။

ထိုသို့လှော်ခတ်ပင့်ဆောင်ချိန်တွင် ဆွဲလှေပေါ်မှ အင်းသားများသည် အင်းရိုးရာတိုက်တေးများ၊ အင်းရိုးရာတေးသီချင်းများကို အားမာန်အပြည့်နှင့် သီဆိုကြပြီး အင်းတိုင်းရင်းသူလေးများကလည်း ရွာအဝင်တွင် ထမင်းထုပ်ကမ်းခြင်း၊ ခြေတံရှည်အိမ်များ၊ ရေစပ်အိမ်များ၏ရှေ့တွင် ဆွမ်းတင်ခုံ၊ ပန်းတင်ခုံများကဲ့သို့သော ဝါးစင်ငယ်လေးများဆောက်ကာ လှူဖွယ်ပစ္စည်းများ တင်လှူပူဇော်သည်ကို ကြည်နူးဖွယ်တွေ့မြင်ကြရသည်။

ထို့ပြင် နတ်သမီးအဝတ်တန်ဆာများ ဝတ်ဆင်ထားကြသော အင်းတိုင်းရင်းသူ လှပျိုဖြူလေးများက လှေတော်သံသီချင်းများသီဆိုကာ ယိမ်းအကများဖြင့် ဖျော်ဖြေကြသည်ကိုတွေ့ရသည်။

**လေးကျွန်းဒီပါ တေဇာဝေဖြာထူးပါတဲ့**
**မြတ်ဖောင်တော်ဦးမှာလ**
**ကွန့်မြူးကာ ထွန်းပမြန်းကြ**
**ဒေသစာရီ နှစ်စဉ်ပွဲကိုလေး**
**နွှဲဆင် နွှဲဆင်ကြတာ ...**

စသည်ဖြင့် သံပြိုင်သီဆိုကြသော လှေတော်သံတေးများကြောင့် သဒ္ဓါကြည်နူးဖူးမြော်မဝဖြစ်ကြရသည်။

လှေပြိုင်ပွဲအား ကြည့်ရှုအားပေးကြသော ပရိသတ်များမှာလည်း ကမ်းလုံးပြည့်ကြည့်ရှုအားပေးကြသည်။ စာရေးသူကြည့်ရှုရသော လှေပြိုင်ပွဲမှာ ညောင်ရွှေမြို့သို့ ဖောင်တော်ဦးဗုဒ္ဓရုပ်ပွားတော်များကြွရောက်ပြီးချိန် ဖောင်တော်ဆိုက်နှင့် ဖောင်တော်ပြန် ပြာသာဒ်ဆောင်မဏ္ဍပ်များတွင် ကျင်းပသောလှေပြိုင်ပွဲတွင်ဖြစ်သည်။

အင်းသားရိုးရာလှေပြိုင်ပွဲ၌ အမျိုးသားရာကျော်လှေလှော်ပြိုင်ပွဲ၊ အမျိုးသား ၄၆ တက် လှော်ခတ်ပြိုင်ပွဲ၊ အမျိုးသမီး ၂၆ တက်ပြိုင်ပွဲ၊ တစ်ဦးချင်းလှေလှော်ပြိုင်ပွဲ စသည်ဖြင့် ပြိုင်ပွဲအမျိုးအစားများ ကျင်းပလေ့ရှိကြသည်။

ဆွဲလှေ သို့မဟုတ် ပြိုင်လှေအဖြစ် အသုံးပြုကြသော လှေကြီးများပေါ်တွင် သစ်၊ ဝါးတို့ဖြင့် ပြုလုပ်ထားသော လက်ကိုင်တန်းများပါသည့်စင်ကို လှေဝမ်းထဲတွင်ထည့်၍ အသုံးပြုကြသည်။ ၎င်းကို လှေစင်ဟူ၍လည်း ခေါ်ကြသည်။ ထိုလှေစင်ကို လှေဦးမှ လှေပွဲ့အထိထည့်ပြီးလျှင် လှေလှော်သူတို့က လှေ၏ဝဲယာ လှေနံတစ်ဖက်စီ၌စီး၍ လှော်ခတ်ကြရသည်။ ခြေတစ်ဖက်ဖြင့် လှေနံကိုနင်းပြီးလျှင် လက်တစ်ဖက်ဖြင့် လှေစင်တန်းကို ကိုင်ထားကြရသည်။ ကျန်ခြေတစ်ဖက်ဖြင့် လှော်တက်ရိုးကို ဒူးကောက်တွင် ချိတ်ပြီးလျှင် လက်တစ်ဖက်ဖြင့် လှော်တက်၏အရိုးဖျားကိုကိုင်ကာ တက်ကိုခြေဖြင့် ရှေ့သို့ချီပို့ပစ်တင်၍ နောက်သို့တစ်ဖန်ဆွဲငင်လှော်ခတ်ကြရသည်။ သို့မှသာ တွန်းကန်အားဖြစ်ပေါ်လာပြီး လှေသည် ရှေ့သို့ရွေ့လျားသွားရသည်။ ဤသို့ဖြင့် လှေဦးမှစီးရသူ လှေဦးစီးဝဲယာနှစ်ယောက်တို့က တက်ကို အနုတ်အသွင်း ပြိုင်တူပြုလုပ်၍ အချက်ပေးလှော်ခတ်ကြရသည်။ နောက်လူတို့ကလည်း ထိုသူတို့၏တက်ချက်အတိုင်း ပြိုင်တူလိုက်၍ တက်ချက်ညီညီလှော်ခတ်ကြရသည်။

ဆွဲလှေ သို့မဟုတ် ပြိုင်လှေတစ်စင်းလျှင် အရွယ်အားလျော်စွာ လှော်သူ နှစ်ကျိပ်ခြောက်ယောက်၊ လေးကျိပ်ခြောက်ယောက် လူတစ်ရာ စသည်ဖြင့် စီးကြသည်ဟု မှတ်သားရသည်။ ထိုလှေများကို လှေပြိုင်ပွဲများပြုလုပ်သည့်အခါ ပြိုင်လှေအဖြစ် အသုံးပြုရုံသာမက ဖောင်တော်ဦးရုပ်ပွားတော်များ ဒေသစာရီကြွချီတော်မူသောအခါ ကရဝိက်ဖောင်တော်ကြီးကို ကြိုဆိုဆွဲယူသည့် လှေအဖြစ်လည်း အသုံးပြုကြသည်ဟု လေ့လာမှတ်သားရသည်။

လှေပြိုင်နေစဉ်အချိန်များတွင် ပရိသတ်များက အင်းသားရိုးရာတေးသီချင်းများ၊ အင်းလေးကန်၏အလှကို ဖော်ညွှန်းထားသော တေးသီချင်းများကို သံပြိုင်သီဆိုအားပေးခြင်း၊ လှေလှော်ပြိုင်ပွဲဝင်များက **ယောက်ျားလေးလေး ယီးလေးလေး ယီးလေးလေး**ဟူ၍ ယီးတိုက်အော်ဟစ်ကာ လှေဦးတွင် ဦးဆောင်လှော်ခတ်ကြသော ခေါင်းဆောင်များနှင့်အတူ ခြေကို အနုတ်အသိမ်းညီညီလှော်ခတ်နေကြသည့်မြင်ကွင်းမှာ ကြက်သီးထဖွယ်ပင်ကောင်းလှသည်။

**သည်အင်းပြင် ကျယ်သရွေ့မှာလ**
**မောင်မွေ့ကာ နေချင်စမ်းသော်လည်း**
**တောင်အကွေ့မှာ ရွှေမျှင်ဆမ်းချိန်မို့**
**လွမ်းတတ်သူ အိမ်ကိုပြန်ပေါ့**
**စက်သံ ၄က်သံ တေးတွေနဲ့**
**နက်ဖြန် နက်ဖြန် အရေးကို တွေးခဲ့ပြီတကား..**

ဆိုသည့် ဆရာတင်မိုး၏ကဗျာစာသားကို ခံစားမိရင်း စာရေးသူ၏စိတ်အစဉ်တွင် ဆွတ်ပျံ့ကြည်နူးဖွယ်ရာကို လက်တွေ့ခံစားလိုက်ရသည်။

အချုပ်အားဖြင့်ဆိုရသော် ထိုကဲ့သို့ကြည်နူးဖွယ်ရာ တုနှိုင်းမဲ့ကင်းလှပခြင်းတို့ဖြင့် ပြည့်ဝလျက်ရှိသော အင်းလေးကန်သို့ အလည်သွားရောက်ကာ အင်းလေးဖောင်တော်ဦးဗုဒ္ဓရုပ်ပွားတော်များ အပူဇော်ခံချိန်တွင် ဖူးမြော်ပူဇော်ခြင်းနှင့်အင်းသားရိုးရာလှေပြိုင်ပွဲများကို ရင်သပ်ရှုမောဖွယ်ကြည့်ရှုဆင်နွှဲနိုင်ပါစေကြောင်း ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးကို ဆန္ဒပြုဖိတ်ခေါ်ရေးသားလိုက်ရပါတော့သည်။ ။

**မောင်လေပြေ(တောင်တွင်း)**

## မဲရုံတွင်ဆန္ဒမဲပေးခြင်းအတွက် သိရှိမှတ်သား ဆောင်ရွက်ရမည့်အချက်များ

**(အီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်း)**

- မဲရုံသို့ဝင်ရောက်သည့်အခါ မဲစာရင်းစစ်ဆေးသူထံ မိမိ၏အမည်နှင့် မဲစာရင်းအမှတ်စဉ်ကိုပြောပြပါ၊ အထောက်အထားအဖြစ် နိုင်ငံသားစိစစ်ရေးကတ်ကိုပြပါ၊
- မဲစာရင်းစစ်ဆေးသူက မိမိ၏အမည်ကို တွေ့ရှိပြီး မှန်ကန်လျှင် မဲစာရင်း၌လက်မှတ်ရေးထိုးပါ၊ သို့မဟုတ် လက်ဝဲလက်မဖြင့် လက်ဗွေနှိပ်ပါ၊
- လျှို့ဝှက်ဆန္ဒပြုခန်းအတွင်းသို့ဝင်၍ ဆန္ဒပြုစက်ပေါ်ရှိ မိမိမဲပေးလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်နှင့်သင်္ကေတအမှတ်အသားတည့်တည့်တွင်ရှိသော ဆန္ဒပြုခလုတ်ကို တစ်ကြိမ်သာနှိပ်၍ ဆန္ဒပြုပါ၊
- ဆန္ဒပြုပြီးနောက် ဆန္ဒပြုစက်နှင့် ချိတ်ဆက်ထားသော မဲပေးချက်ဖော်ပြသည့်စက်မှ ပြသသည့်ဆန္ဒမဲဖြတ်ပိုင်းတွင် မိမိမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်လောင်း၏အမည်နှင့် သင်္ကေတအမှတ်အသားကို ကြည့်ရှုနိုင်သည်၊
- မိမိဆန္ဒပြုလိုသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးကိုသာ ဆန္ဒမဲပေးပါ၊
- မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲ တစ်မဲစီသာပေးပါ၊
- မဲရုံမှမထွက်ခွာမီ မဲပေးပြီးကြောင်း မင်တို့ပေးသည့် မဲရုံအဖွဲ့ဝင်ထံသွားရောက်၍ သတ်မှတ်ထားသည့် လက်ချောင်းတစ်ချောင်းချောင်းတွင် မင်တို့ပါ၊
- မဲပေးပြီးပါက မဲရုံပရိဝုဏ်အတွင်းမှ ဆောလျင်စွာထွက်ခွာပါ။

**“ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်”**
**“လွတ်လပ်မျှတ၊ မဲပေးကြ”**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
( ခ ) နိုင်ငံ့ဝန်ထမ်းများ။
( ဂ ) ပညာသင်ကြားနေသူများ။
(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။
( င ) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။
( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။
( ခ ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခုအပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။
( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# တောင်ကြီးမြို့၌ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲကျင်းပ

တောင်ကြီး စက်တင်ဘာ ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောရပ်ကွက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဒေါ်ခင်သိန်းခန်းမဆောင်၌ စက်တင်ဘာလ ၂၃ ရက် နံနက်ပိုင်းတွင် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပသည်။

ပြိုင်ပွဲတွင် တောင်ကြီးမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၃၀ ဦးတို့က ကဏ္ဍစုံရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းမှသည် ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ရေးဆီသို့ ခေါင်းစဉ်ဖြင့် စာစီစာကုံးယှဉ်ပြိုင်ကြသည်။

အဆိုပါ စာစီစာကုံးပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူများ ယှဉ်ပြိုင်နေမှုကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်နှင့် တာဝန်ရှိသူတို့က လှည့်လည်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲတွင်ဆုရရှိသူများအား အောက်တိုဘာလ ၁၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့၌ ဆုများ ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

(၄၀၅)



# နတ်စင်ကုန်း-ကန်ဖြူ ကျေးရွာချင်းဆက် လမ်းဘေးဝဲယာ၌ သစ်ပင်များစိုက်ပျိုး

ပေါင် စက်တင်ဘာ ၂၃

မွန်ပြည်နယ် ပေါင်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် သဲဖြူကုန်းကျေးရွာအုပ်စုရှိ နတ်စင်ကုန်း-ကန်ဖြူကျေးရွာချင်းဆက်လမ်းဘေးဝဲယာ၌ စက်တင်ဘာလ ၂၂ ရက် နံနက်ပိုင်းတွင် သစ်ပင်များစိုက်ပျိုးကြောင်း သိရသည်။

ရေးဦးစွာ သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးဇော်လွင်ဦးက စိုက်ပျိုးမည့် အပင်များအားပေးအပ်သည်။

ထို့နောက် မန်ဂျန်ရှား ၁၀၀ ပင်နှင့် စိန်ပန်း ၁၀၀ ပင် စုစုပေါင်းပျိုးပင် ၂၀၀ အား လမ်းဘေးဝဲယာစိမ်းလန်းစိုပြည်ရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများ၊ သဲဖြူကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာနေပြည်သူများက စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

(၄၀၆)

## မြဝတီရုပ်မြင်သံကြားအစီအစဉ် ၂၄-၉-၂၀၂၅(ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် မေတ္တာပို့ ဓမ္မပူဇာတေး |
| | | နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့ |
| | | ကိုယ်လက်လှုပ်ရှားအားကစား |
| ၂။ | ၀၈:၀၀ | မောင်မယ်လေးများသိစေချင် မှတ်သားလိုက်နာပုံပမာ |
| ၃။ | ၀၉:၀၀ | ကျန်းမာသုတ |
| ၄။ | ၁၀:၀၀ | ကျန်းမာခြင်းအတွက်တွေးခေါ်ခြင်း |
| ၅။ | ၁၁:၀၀ | မြန်မာ့လက်သံ |
| ၆။ | ၁၂:၀၀ | ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု ပန်းတို့၏အလှတရား |
| ၇။ | ၁၃:၀၀ | အမှတ်တရနေ့ရက်များ သာယာသီကြွေးခေတ်ဆန်းတေး |
| ၈။ | ၁၄:၀၀ | Movie & Movies Sharing Knowledge |
| ၉။ | ၁၅:၀၀ | ဆောင်းပါးပေါ်မှစာစုများ |
| ၁၀။ | ၁၇:၀၀ | မြန်မာသံစဉ် ချိုနားဝင် |
| ၁၁။ | ၁၈:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၁၂။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၁၃။ | ၁၈:၄၀ | Music Gallery |
| ၁၄။ | ၁၉:၀၀ | **(၃၈)ဖြာမင်္ဂလာ ကတညုတ** |

### MWD Education, Knowledge & Sports Channel ၂၄-၉-၂၀၂၅(ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၀၇:၀၀ – ၀၈:၃၅ | Grade – 7 မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ – ၁၆:၀၅ | Grade – 7 အင်္ဂလိပ်စာ၊ သင်္ချာ(၁) |
| ၃။ | ၁၆:၀၅ – ၁၆:၄၅ | Grade – 7 သင်္ချာ(၂) ၊ ပထဝီဝင် |
| ၄။ | ၁၆:၄၅ – ၁၇:၂၀ | Grade – 7 သမိုင်း၊ သိပ္ပံ |

### MWD Variety Channel ၂၄-၉-၂၀၂၅(ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၂၅ | ရှာဖွေလေ့လာပြတိုက်မှာ |
| ၂။ | ၁၁:၃၀ | ကမ္ဘာတစ်ခွင်မှတ်တမ်းဝင် |
| ၃။ | ၁၄:၁၅ | တစ်ပတ်အတွင်းထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက် |
| ၄။ | ၁၆:၃၅ | သိလိုသမျှ ကျန်းမာရေးကဏ္ဍ |

# မရမ်းကုန်းမြို့နယ်၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို မရမ်းကုန်းမြို့နယ်ရှိ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့နံနက် ၈ နာရီခွဲတွင် စတင်ကျင်းပခဲ့ရာ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ မိဘများနှင့် ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြသည်။

